First ELEVEN SPORTS JOURNAL
NO.17 VOLUME 14 26 - 9 - 2013 THURSDAY

# မန်ယူရဲ့ကျဆုံးခန်းစပြီလား

အခုအချိန်မှာတော့ မန်ယူအသင်းနဲ့ပတ်သက်သူမှန်သမျှ ဖာဂူဆန်ရဲ့တန်ဖိုးကိုသိနားလည်နေပြီဖြစ်သလို၊ ဖာဂူဆန်မရှိတော့တဲ့မန်ယူအသင်း ဘယ်လောက်အထိအခြေအနေဆိုးရွားသွားမလဲဆိုတဲ့အတွေးတွေလည်း ဝင်နေလောက်ပါပြီ။ လီဗာပူးလ်ကို(၀-၁)ဂိုးနဲ့ရှုံးနိမ့်ခဲ့တဲ့ပွဲကတည်းက သံသယတွေနဲ့စောင့်ကြည့်ခြင်းခံနေရတဲ့ နည်းပြမိုယက်စ်အနေနဲ့ မန်ယူလိုအသင်းမျိုးကိုကိုင်တွယ်နိုင်တဲ့အရည်အချင်းမရှိဘူးဆိုတာ မန်ချက်စတာဒါဘီပွဲစဉ်က သက်သေပြခဲ့ပါတယ်။ ဒီပွဲမှာ မန်ယူအသင်းဟာ ဂိုးရှုံးတာထက်ပိုပြီး စိတ်ပျက်စရာကောင်းတဲ့ကစားပုံကို ပြသခဲ့သလို၊ မိုယက်စ်အနေနဲ့လည်း မန်ယူအသင်းနည်းပြဆိုတဲ့ရာထူးနဲ့မထိုက်တန်တဲ့ သူ့ရဲ့ပင်ကိုအရည်အသွေးကို ပြသသွားခဲ့ပါတယ်။ မန်စီးတီးကိုဂိုးပေးရပြီးနောက်ပိုင်းမှာ အသင်းကိုတိုက်စစ်မှူးတွေထပ်ထည့်ပြီး တိုက်စစ်အင်အားမြှင့်သင့်ပေမယ့် မိုယက်စ်ဟာ လုပ်သင့်တာကိုမလုပ်ခဲ့သလို၊ ရှေ့တန်းမှာ လူပိုလိုဖြစ်နေတဲ့ ဝဲလ်ဘက်ကိုလည်း လူမလဲဘဲ ပွဲတစ်ပွဲလုံးသုံးသွားခဲ့ပါတယ်။ ကွင်းလယ်လူဖယ်လေနီကိုလည်း တိုက်စစ်အတွက်အသုံးမချဘဲ ခံစစ်တာဝန်ပေးခဲ့တာကြောင့် မန်ယူတိုက်စစ်ဟာ ပထမပိုင်းတစ်ပိုင်းလုံးသေနေခဲ့ပြီး ရွှန်နီတစ်ယောက်ပဲ ရှေ့တန်းမှာရုန်းကန်ခဲ့ရပါတယ်။ မိုယက်စ်ဟာ အသင်းလူနေရာချမှု၊ နည်းဗျူဟာ လွဲမှားနေတဲ့အပြင် ပွဲချိန်အတွင်း ဘာအပြောင်းအလဲမှမပြုလုပ်နိုင်ခဲ့ဘဲ အသင်းကိုလည်း စိတ်ဓာတ်တွန်းအားမပေးနိုင်တာကြောင့် မန်ယူတစ်သင်းလုံး တိုက်ပွဲဝင်စိတ်ဓာတ်ပျောက်ဆုံးနေပြီး ဒါဘီပွဲစဉ်တစ်ပွဲမှာကစားတဲ့အသင်းရဲ့ပုံစံမျိုး လုံးဝရှိမနေခဲ့တာတွေ့ခဲ့ရပါတယ်။ ဖာဂူဆန်ခေတ်လွန်မန်ယူအသင်းရဲ့အခြေအနေက ၁၉၇၀ ကျော်ခုနှစ်တွေက ဆာမတ်ဘတ်စ်ဘီခေတ်လွန် မန်ယူအသင်းရဲ့ ဆိုးရွားတဲ့အခြေအနေမျိုးကို ပြန်လည်ရောက်ရှိသွားနိုင်တဲ့ အနေအထားတစ်ရပ်ပါ။ အသင်းကိုအောင်မြင်မှုတွေများစွာ ရယူပေးခဲ့တဲ့ဆာမတ်ဘတ်စ်ဘီ ၁၉၆၉ခုနှစ်မှာလမ်းခွဲသွားပြီးတဲ့နောက် မန်ယူအသင်းဟာ တဖြည်းဖြည်းကျဆင်းမှုတွေကိုကြုံတွေ့ခဲ့ရပြီး၊ နောက်(၅)နှစ်အကြာမှာ တန်းဆင်းရတဲ့အထိ အခြေအနေဆိုးရွားခဲ့ပါတယ်။ ဆာမတ်ဘတ်စ်ဘီကိုယ်တိုင် ၁၉၇၁ ခုနှစ်မှာ (၅)လကျော်ကြာ အသင်းကို ခေတ္တပြန်လည်တာဝန်ယူခဲ့ပေမယ့် မန်ယူအသင်းရဲ့ အောင်မြင်တဲ့ခေတ်တစ်ခေတ် ဆုံးခန်းတိုင်သွားခဲ့ပြီး ၁၉၇၄ ခုနှစ်မှာ ဒုတိယတန်းကိုတန်းဆင်းသွားတဲ့အထိ အဆိုးဆုံးအခြေအနေတစ်ရပ်ကို ရင်ဆိုင်ခဲ့ရတာဖြစ်ပါတယ်။ လက်ရှိမန်ယူအသင်း ကြုံတွေ့နေရတဲ့ အဖြစ်အပျက်တွေက သံသရာတစ်ပတ် ပြန်လည်လာမလားလို့ စိုးရိမ်ရတဲ့အနေအထားပါ။ အသင်းရဲ့ခြေစွမ်းက ဒီရာသီပရီးမီးယားလိဂ်ဖလားပြန်ရဖို့မဆိုထားနဲ့၊ ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့တောင် အနိုင်နိုင်ဆိုတဲ့ပုံစံမျိုးဖြစ်နေပါတယ်။ ဖလားကိုလုယူဖို့ မော်ရင်ဟိုရဲ့ချယ်လ်ဆီး၊ မြို့ခံပြိုင်ဘက်မန်စီးတီး၊ ပုံစံကောင်းရနေတဲ့ အာဆင်နယ်တို့ ခြိမ်းခြောက်နေချိန်၊ စပါး၊ လီဗာပူးလ်အစရှိတဲ့အသင်းတွေ ခေါင်းထောင်လာချိန်မှာ ဒီပုံ၊ ဒီအတိုင်းသာ ရှေ့ဆက်မယ်ဆိုရင်တော့ မန်ယူအသင်းရဲ့ ကျဆုံးခန်းက မြန်မြန်ဆန်ဆန်ပဲရောက်ရှိလာမှာပါ။ ဖာဂူဆန်လို ဂန္ထဝင်နည်းပြတစ်ဦးရဲ့နေရာကို (ငွေကြေးသက်သာတာပဲကြည့်ပြီး)အသင်းကြီးတစ်သင်းမှ မကိုင်တွယ်ဖူးတဲ့ ဥရောပအတွေ့အကြုံလုံလောက်စွာမရှိတဲ့နည်းပြတစ်ဦးကို ယုံယုံကြည်ကြည်အစားထိုးခဲ့တဲ့၊ နွေရာသီအပြောင်းအရွှေ့ကာလအတွင်း ကစားသမားသစ်ခေါ်ယူမှုတွေမှာလက်တွန့်ခဲ့တဲ့ မန်ယူအသင်းအနေနဲ့ ဒီအမှားတွေအတွက် ဘယ်လောက်အထိ ကြီးကြီးမားမားပေးဆပ်ရမလဲဆိုတာကတော့ . . .။



First Eleven Sports Journal Vol:14 No.17 26, September, 2013

PREMIER LEAGUE
WEEK-5 REVIEW

ရာသီအဖွင့် (၃)ပွဲဆက်အနိုင်ရထားတဲ့ လီဗာပူးလ်တို့ ဆွမ်ဆီးကိုသရေကျခဲ့ပြီးတော့ ဒီပွဲမှာ ဆောက်သမ်တန်ကို ထပ်ရှုံးခဲ့ပါတယ်။ ဒီရှုံးပွဲကြောင့် အမှတ်ပေးဇယားထိပ်ဆုံးနေရာကို လက်လွှတ်ပေးလိုက်ရပြီး၊ စနေနေ့ပွဲစဉ်တွေအပြီးအခြေအနေမှာ ချယ်လ်ဆီးက ထိပ်ဆုံးရောက်လာခဲ့ပါတယ်။ ချယ်လ်ဆီးအသင်းက လန်ဒန်အနောက်ပိုင်းအသင်းတစ်သင်းဖြစ်တဲ့ ဖူလ်ဟမ်အသင်းနဲ့ ကစားခဲ့ပြီး အိမ်ကွင်းမှာ (၂-၀)ဂိုးနဲ့အနိုင်ရခဲ့ပါတယ်။ ဒီနိုင်ပွဲက မန်ယူ၊ ဘေယန်မြူးနစ်၊ အဲဗာတန်၊ ဘေဆယ်တို့နဲ့ပွဲတွေမှာ (၃)ပွဲဆက် နိုင်ပွဲမရခဲ့တဲ့ချယ်လ်ဆီးအတွက် ပထမဆုံးနိုင်ပွဲဖြစ်ခဲ့တယ်ပါ။ စနေနေ့ကစားခဲ့တဲ့ပွဲစဉ်(၆) ပွဲမှာ အိမ်ရှင်တွေ(၂)ပွဲနိုင်ခဲ့ပြီး၊ ဧည့်သည်အသင်းတွေ (၄)ပွဲနိုင်ခဲ့ပါတယ်။




လီဗာပူးလ်အသင်းဘက်သို့ တစ်လုံးတည်းသော အနိုင်ဂိုးသွင်းယူပြီးနောက် အောင်ပွဲခံနေသည့် ဆောက်သမ်တန်အသင်းသားများ

# ထိပ်ဆုံးနေရာက ဆင်းပေးလိုက်ရတဲ့ လီဗာပူးလ်

## ပရီးမီးယားလိဂ် ပွဲစဉ်(၅)သုံးသပ်ချက်

### အဝေးကွင်းမှာ(၃)မှတ်ယူပေးတဲ့ ဆောက်သမ်တန်ရဲ့ ခံစစ်

### လီဗာပူးလ် ၀-၁ ဆောက်သမ်တန်

ဒီရလဒ်က ဆောက်သမ်တန်ကိုစရောက်လာကတည်းက ပိုချက်တီနိုရဲ့ အကောင်းဆုံးရလဒ်လို့ဆိုရမယ်။ အမှတ်ပေးဇယားထိပ်ဆုံးနေရာကအသင်းကို အဝေးကွင်းမှာ အနိုင်ရလိုက်တဲ့ ခြေစွမ်းက လေးစားစရာပါ။ ခံစစ်ကိုအာရုံစိုက်ခဲ့တယ်ဆိုပေမယ့် ခံစစ်သက်သက်မဟုတ်ဘူး။ အဖျက်သက်သက်မဟုတ်ဘူး။ ခံစစ်ကနေ တိုက်စစ်ကို ကူးပြောင်းရာမှာ အရွေ့ အပြောင်းတွေက မြန်လွန်းတယ်။ ပြိုင်ဘက်တိုက်စစ်ကို ကွင်းလယ်မှာ အပြတ်ဖျက်တယ်။ ခပ်ကြမ်းကြမ်းကစားခဲ့ပေမယ့် ဥပဒေဘောင်ထဲက ကစားသွားတယ်။ ဒီရာသီမှာကိုယ့်အသင်းရဲ့ ဂိုးပေါက်ကို အနည်းဆုံးကန်ခွင့်ပြုထားရတဲ့အသင်းဖြစ်ပြီ လီဗာပူးလ်တိုက်စစ်ကိုလည်း စနစ်တကျထိန်းချုပ်သွားနိုင်ခဲ့ပါတယ်။ လီဗာပူးလ်အသင်းက ဂိုးရဖို့ဆိုတာထက် ဂိုးဖန်တီးခွင့်တွေကိုတောင် အတော်လေးလေးခက်ခက်ခဲခဲပြုလုပ်ခဲ့ရပြီး ဗျူဟာပိုင်းအရရော၊ တစ်ဦးချင်းစွမ်းရည်အရပါ ဆောက်သမ်တန်ခံစစ်က အသာစီးရယူခဲ့ပါတယ်။ ဒါ့အပြင်ဆောက်သမ်တန်အသင်းတိုက်စစ်ကလည်း ခံကစားနေရင်း တန်ပြန်တိုက်စစ်တွေကို ထိထိရောက်ရောက်၊ ဗီဗီပြင်ပြင်ကစားနိုင်ခဲ့လို့ လီဗာပူးလ်အသင်းတိုက်စစ်ကစားရင်း ခံစစ်ကိုလည်း မပြတ်သတိထားနေရတယ်။ ဒါကြောင့်လည်း ခံစစ်အစွန်လူတွေဆီက တိုက်စစ်လမ်းကြောင်းတွေထွက်မလာခဲ့တော့ဘဲ တိုက်စစ်မှာ တစ်ဦးကောင်းနဲ့ ထိုးဖောက်ရတဲ့အကြိမ်ပိုများလာခဲ့တယ်။ ဂိုးတွေသွင်းနေတဲ့ တိုက်စစ်မှူးစတာရစ်ချ်လည်း ဆောက်သမ်တန်ရဲ့ ခံစစ်အကျပ်ကစားပုံကို ရှောင်ရင်း၊ ထောင်ချောက်ကို ရှောင်ရင်း တောင်ပံကိုပဲရောက်ရောက်သွားတယ်။ ကွင်းလယ်ကလည်း ဘောလုံးပိုင်ဆိုင်မှုအသာရခဲ့ပေမယ့် သာမန်ပေးပို့မှုတွေသာများပြီး၊ တိုက်စစ်အတွက်ထိရောက်တဲ့လမ်းကြောင်းတွေမခင်းကျင်းပေးနိုင်ခဲ့ဘူး။ ဆောက်သမ်တန်ကွင်းလယ်ရဲ့ ဘောလုံးအခင်းအကျင်းတွေကတောင် ပိုကောင်းခဲ့ပြီး လီဗာပူးလ်ထက်ဂိုးသွင်းခွင့်ပိုရခဲ့တာလည်းတွေ့ရပါတယ်။ မစ်ဂနိုလက်ရဲ့ ကာကွယ်မှုတချို့ကြောင့်သာ လီဗာပူးလ်သက်သာခဲ့တာပါ။ ဆောက်သမ်တန်အတွက်တစ်လုံးတည်းသော အနိုင်ဂိုးကို(၅၃)မိနစ်မှာလိုဗ်ရန်ကသွင်းခဲ့ပါတယ်။

လီဗာပူးလ်(၄-၂-၃-၁)

မစ်ဂနိုလက်
ကိုလိုတိုရေး၊ စကားတယ်လ်၊ အဂွါ၊ ဆာခို
လူးကပ်စ်၊ ဂျရတ်
ဟန်ဒါဆန်၊ အက်စ်ပတ်စ်၊ မိုဆက်
စတာရစ်ချ်

လူစားလဲကြသူများ

အက်စ်ပတ်စ် (ကောလင် ၄၆')၊ အဂွါ (အင်နရဲ ၇၃')၊ စကားတယ်လ် (အယ်လ်ဘာကို ၈၂')

ဆောက်သမ်တန် (၄-၄-၂)

ဘိုရက်
ကလိုင်း၊ ဖွန်တေ၊ လိုဗ်ရန်၊ လုခ်ရှော
ဝမ်ယာမာ၊ ရှနိုက်ဒါလင်
လယ်လာနာ၊ ရှိုအရီဂွက်ဗ်
အော့စ်ဗယ်လ်ဒီး၊ လမ်းဘတ်

လူစားလဲကြသူများ

လမ်းဘတ် (ဒေးဗစ် ၆၆')၊ လယ်လာနာ (ဝပ်ပရိုဆေး ၇၅')၊ ရှိုအရီဂွက်ဗ် (ဂျက်ကော့ ၈၉')

**ပွဲမှတ်တမ်း**

| | ချယ်လ်ဆီး | ဖူလ်ဟမ် |
|---|---|---|
| ဂိုး | ၂ | ၀ |
| ဂိုးပေါက်ကန်သွင်းမှု | ၂၄ | ၄ |
| ဂိုးပေါက်တည့်မှု | ၉ | ၁ |
| ဂိုးပေါက်ကာကွယ်မှု | ၁ | ၇ |
| ထောင့်ကန်ဘော | ၁၃ | ၃ |
| လူကျွံဘော | ၁ | ၁ |
| ပြစ်ဒဏ်ဘော | ၁၁ | ၉ |
| အဝါကတ် | ၀ | ၀ |
| အနီကတ် | ၀ | ၀ |
| ဘောလုံးပိုင်ဆိုင်မှု | ၆၄% | ၃၆% |

### အားရစရာမရှိသေးတဲ့ချယ်လ်ဆီး

### ချယ်လ်ဆီး ၂-၀ ဖူလ်ဟမ်

ချယ်လ်ဆီးရဲ့ ပထမပိုင်းကစားပုံကအားရစရာမရှိခဲ့ပါဘူး။ ဒုတိယပိုင်းရောက်မှ ပုံစံကောင်းကို ပြသနိုင်ခဲ့တာဖြစ်ပြီး နိုင်ပွဲအတွက်ထိုက်တန်တဲ့ ခြေစွမ်းကိုပြသနိုင်ခဲ့တာပါ။ ပွဲကိုထိန်းချုပ်ထားနိုင်ခဲ့တယ်ဆိုပေမယ့် ပထမပိုင်းမှာ ချယ်လ်ဆီးကစားပုံက ရိုးစင်းပြီး၊ အင်အားမရှိပါဘူး။ (၆၀)ရာခိုင်နှုန်းအထက်အသာရထားတဲ့ ချယ်လ်ဆီးကစားကွက်က ခံစစ်မှာပဲ ဘောလုံးအပေးများပြီး ထိရောက်တဲ့ တိုက်စစ်လမ်းကြောင်းတွေ မရှိပါဘူး။ အီတူးက အီဗန်နိုဗစ်ရဲ့ ဖြတ်တင်ဘော(၂)ကြိမ်ကိုဖြုန်းတီးခဲ့ပြီး၊ ကစားပုံကောင်းတဲ့ ဟာဇက်ကလည်း အဝေးကန်ချက်တွေနဲ့ ဖြုန်းတီးနေတာကြောင့် အသင်းရဲ့အရှိန်ကို ရပ်ရပ်သွားစေတယ်။ ကံကောင်းတာက (၅၂)မိနစ်မှာ ချယ်လ်ဆီးဦးဆောင်ဂိုးရခဲ့တာဖြစ်ပြီး၊ ဂိုးရှေ့မှာ ရှုပ်ထွေးနေတဲ့အနေအထားကနေ အော်စကာက အနီးကပ်ကန်သွင်းယူခဲ့တာပါ။ ဒုတိယပိုင်းအစမှာ ဖူလ်ဟမ်အပြန်အလှန်ကစားခဲ့ပေမယ့် ထိရောက်တဲ့တိုက်စစ်ဆင်မှုတွေမလုပ်နိုင်ခဲ့ပါဘူး။ မိနစ်(၆၀)နောက်ပိုင်းကစပြီး ချယ်လ်ဆီးရဲ့ အကောင်းဆုံးပုံစံကို မြင်လာရပြီး၊ ဘောလုံးကိုလည်း ပြိုင်ဘက်အသင်းရဲ့ ကွင်းဘက်မှာ ကိုင်ကစားနိုင်ခဲ့ပါတယ်။ ဖူလ်ဟမ်ကွင်းလယ်ကို လုံးဝစီးမိသွားပြီး၊ ဂိုးရဖို့အခွင့်အရေးတွေမကြာခဏ ကြုံလာခဲ့ပါတယ်။ အော်စကာက အစောပိုင်းမှာ ဂိုးရပေမယ့် ခြေစွမ်းမကောင်းခဲ့ပါဘူး။ ဒါပေမဲ့ ဒုတိယပိုင်းမှာတော့ သူ့ရဲ့ ဒီရာသီအကောင်းဆုံးပုံစံကိုပြသခဲ့ပါတယ်။ ဘောလုံးလုယူမှုတွေအများကြီးပြုလုပ်နိုင်ခဲ့သလို၊ ဘောလုံးလမ်းကြောင်းတွေလည်း အများကြီးထွက်လာခဲ့ပါတယ်။ ချယ်လ်ဆီးအသင်းရဲ့ ဒုတိယဂိုးက (၈၄)မိနစ်မှာရရှိခဲ့ပြီး၊ ထောင့်ကန်ဘောကတစ်ဆင့် တယ်ရီခေါင်းတိုက်ပေးတာကို မီခေးလ်က ကန်သွင်းယူခဲ့တာပါ။ လက်ကျန်မိနစ်တွေကတော့ ဂိုးထပ်မသွင်းဘဲ ပြီးဆုံးခဲ့ပါတယ်။

စာမျက်နှာ (၁၃)သို့ ➢➢➢

ချယ်လ်ဆီး (၄-၂-၃-၁)

ပီတာဆက်ခ်ျ
အီဗန်နိုဗစ်၊ ကာဟေးလ်၊ တယ်ရီ၊ အက်ရှလေကိုးလ်
ရာမီရက်စ်၊ မီခေးလ်
ရှိုရာ၊ အော်စကာ၊ ဟာဇက်
အီတူး

လူစားလဲကြသူများ

အီတူး (တောရက်စ် ၆၄')၊ ရှိုရာ (လမ်းပတ် ၇၉')၊ ဟာဇက် (ဒီဘရိုင်း ၈၅')

ဖူလ်ဟမ် (၄-၄-၂)

စတော့ခ်ေးလ်
ရီဆာ၊ အမိုရီဘီတာ၊ ဟန်ဂဲလန်း၊ ရစ်ချတ်ဆင်
ဆစ်ဒဲလ်၊ ပါကား
ဒဲပ်ဖ်၊ ကာကန်နှစ်ကလပ်
ကာဆာမီ၊ ဒါရင်ဘန့်

လူစားလဲကြသူများ

ဒဲပ်ဖ် (တာရက်ဘ် ၆၄')၊ ကာကန်နှစ်ကလပ် (မက်စ်ကာ ၇၂')၊ ကာဆာမီ (ဒိုဒယ်လီဂါ ၈၅')

## ဆောက်သမ်တန်ပွဲမှ အမှားကို သင်ခန်းစာယူရန်တိုရေးသတိပေး

လီဗာပူးလ်အသင်း နောက်ခံလူတိုရေးက ဆောက်သမ်တန်ကိုရှုံးနိမ့်ခဲ့သည့်ပွဲမှ အမှားများကိုသင်ခန်းစာယူကာ မန်ယူနှင့်ကစားမည့်လိဂ်ဖလားပွဲတွင် အကောင်းဆုံးကစားသွားရန်လိုအပ်ကြောင်း အသင်းဖော်များကို တိုက်တွန်းပြောကြားလိုက်သည်။ လီဗာပူးလ်အသင်းသည် ယခုရာသီအစပွဲစဉ်များအပါအဝင် ပရီးမီးယားလိဂ်တွင်(၁၃)ပွဲဆက် ရှုံးပွဲမရှိခဲ့ဘဲ ဆောက်သမ်တန်နှင့်ပွဲ၌ ပထမဆုံးရှုံးပွဲနှင့်ကြုံတွေ့ခဲ့ရခြင်းဖြစ်ပြီး အမှတ်ပေးဇယားထိပ်ဆုံးနေရာမှဖယ်ပေးခဲ့ရသည်။

## လာမည့်အပြောင်းအရွှေ့တွင် စပါးအသင်း ငွေထပ်မံသုံးစွဲမည်

စပါးအသင်းသည် လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင်လည်း ကစားသမားသစ်များကို ငွေကြေးအများအပြားသုံးစွဲ၍ခေါ်ယူသွားမည်ဖြစ်ကြောင်းသိရသည်။ စပါးအသင်းအနေဖြင့် ပြီးခဲ့သည့်အပြောင်းအရွှေ့ကာလအတွင်းက ကစားသမားခေါ်ယူရာတွင် ပေါင်သန်း(၁၀၀)ကျော်အသုံးပြုခဲ့သော်လည်း ၎င်းတို့၏ကစားသမားဂါရတ်ဘေးလ်ကို ရီးယဲလ်အသင်းထံသို့ ပေါင်(၈၅)သန်းဖြင့် ရောင်းချခဲ့ခြင်းကြောင့် ငွေကြေးအဝင်၊ အထွက်မှာ ကွာဟခြင်းမရှိသဖြင့် ငွေကြေးထပ်မံသုံးစွဲရန် စီစဉ်နေခြင်းလည်းဖြစ်သည်။

## ခြေစွမ်းပြနေသည့် အိုဇေးလ်ကို အာစင်ဝင်းဂါး ချီးကျူးစကားဆို

အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးသည် အသင်းအတွက်ခြေစွမ်းပြကစားနေသည့် ကွင်းလယ်လူအိုဇေးလ်အား ချီးကျူးစကားဆိုခဲ့ကြောင်းသိရသည်။ ပြီးခဲ့သည့်အပြောင်းအရွှေ့ဈေးကွက်အတွင်းက ကလပ်စံချိန်တင်ပြောင်းရွှေ့ကြေးပေါင်(၄၂ .၅)သန်းဖြင့် အာဆင်နယ်အသင်းသို့ရောက်ရှိခဲ့သူ အိုဇေးလ်သည် ပြီးခဲ့သည့် စတုတ်စီးတီးကို အနိုင်ရခဲ့သည့်ပွဲစဉ်အပါအဝင် အသင်း၏ပရီးမီးယားလိဂ်ပွဲစဉ်များ၌ ဂိုးဖန်တီးမှုများစွာ ပြုလုပ်နိုင်ခဲ့သူလည်းဖြစ်သည်။

ELEVEN SPORTS JOURNAL

**တာဝန်ခံအယ်ဒီတာ**
ဇော်မင်းဟောင်

**အမှုဆောင်အယ်ဒီတာ**
ကျော်သူမြင့်

**အကြီးတန်းအယ်ဒီတာ**
ဇာနည်အောင်၊နန္ဒဝန်ငြိမ်းချမ်း

**အယ်ဒီတာအဖွဲ့ဝင်**
နိုင်လင်းအာကာ၊ကျော်ရင်ငြိမ်း၊ကိုကိုစိုး

**သတင်းထောက်**
ညီညီစိုး၊ညွှန့်သက်ထွန်းအောင်

**ထုတ်ဝေသူ**
Eleven Media Group
(ယာယီ-၁၀၅၉)
အမှတ်(၂၂)၊တောင်မြင်းပြိုင်ကွင်းလမ်း၊
တာမွေကြီး(ခ)ရပ်ကွက်၊တာမွေမြို့နယ်၊ရန်ကုန်မြို့။

**ပုံနှိပ်သူ**
Eleven Press
(ယာယီ-၁၆၃၉)
အမှတ်(၁၉)၊တောင်မြင်းပြိုင်ကွင်းလမ်း၊
တာမွေကြီး(ခ)ရပ်ကွက်၊တာမွေမြို့နယ်၊ရန်ကုန်မြို့။

**စောင်ရေ**
၂၀၀၀၀

**ဖြန့်ချိရေးနှင့်ဂျာနယ်တိုက်**
အမှတ်(၂၂)၊တောင်မြင်းပြိုင်ကွင်းလမ်း၊
တာမွေကြီး(ခ)ရပ်ကွက်၊တာမွေမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၄၀၀၅၂၄၊ ၄၀၀၅၂၈

# နောဝစ်ချ်နှင့်ပွဲတွင် ဘန်တီကီ ပေါင်ခြံဒဏ်ရာရရှိ




Photo : PA

ဗီလာအသင်း၏ အဓိကတိုက်စစ်မှူးဘန်တီကီသည် ပြီးခဲ့သည့်စနေနေ့ကကစားခဲ့သော ပရီးမီးယားလိဂ်ပွဲစဉ် နောဝစ်ချ်-ဗီလာပွဲတွင် ပေါင်ခြံဒဏ်ရာရရှိသွားခဲ့ကြောင်းသိရသည်။ ယင်းပွဲတွင် ဘန်တီကီသည် ပွဲချိန်(၂၈)မိနစ်၌ လေထဲမှဘောလုံးကိုရယူရန် နောဝစ်ချ်နောက်ခံလူဘတ်ဆောင်းနှင့် အပြိုင်ကြိုးပမ်းရာမှ ယင်းဒဏ်ရာရရှိသွားခဲ့ခြင်းဖြစ်သည်။

ဘန်တီကီသည် ဒဏ်ရာရရှိသည့်နောက် ကွင်းထဲသို့ပြန်ဝင်ကစားရန်ကြိုးပမ်းခဲ့သော်လည်း ပြန်ကစားနိုင်ခြင်းမရှိ၍ အရန်ကစားသမားကိုဇက်နှင့် လူစားလဲခဲ့ရသည်။ ဆေးကုသမှုများခံယူပြီးနောက် ကွင်းထဲသို့ပြန်ဝင်ရန် ခြေလှမ်း(၃)လှမ်းမျှလှမ်းခဲ့ပြီးနောက် ဘန်တီကီသည် လဲကျသွားခဲ့သည်။ သူ၏ဒဏ်ရာအတွက် ဗီလာပရိသတ်များကစိုးရိမ်ခဲ့ကြသော်လည်း နည်းပြဖြစ်သူပေါလ်လမ်းဘတ်က ဒဏ်ရာအခြေအနေမှာ ထင်သလောက်ဆိုးရွားခြင်းမရှိကြောင်း ပြောကြားခဲ့သည်။

ယင်းပွဲတွင် ဗီလာအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ဘန်တီကီနေရာအစားဝင်လာသော ချက်တိုက်စစ်မှူးကိုဇက်က ပွဲချိန်(၃၀)မိနစ်တွင် သွင်းယူပေးခဲ့သည်။

< < < ဒဏ်ရာရပြီး ကွင်းပြင်သို့ထွက်ခွာလာသော ဘန်တီကီ

## BRIEF

- ❒ ရီးယဲလ်အသင်းသည် အသင်း၏ဂိုးသမားဖြစ်သူကာဆီးလက်စ်နေရာတွင်အစားထိုးရန် မန်ယူဂိုးသမားဒီဂီယာကို ပစ်မှတ်ထားနေကြောင်းသိရသည်။
- ❒ အဲဗာတန်အသင်းကွင်းလယ်လူ အော့စမန်သည် ဝက်စ်ဟမ်းအသင်းကို(၃-၂)ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲတွင် ပေါင်ခြံဒဏ်ရာရရှိခဲ့ပြီး ၎င်း၏ဒဏ်ရာပြင်းထန်မှုရှိ၊ မရှိကို စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။
- ❒ ဖူလ်ဟမ်အသင်းသည် နည်းပြမာတင်ဂျိုးလ်နှင့်လက်တွဲရန်အတွက် မန်ယူနှင့် အန်ဇီနည်းပြဟောင်းမူလန်စတင်ကို ခေါ်ယူရန်စီစဉ်နေကြောင်းသိရသည်။
- ❒ အာဆင်နယ်အသင်းသည် လာမည့်ဇန်နဝါရီအပြောင်းအရွှေ့တွင် ဒေါ့မွန်ကွင်းလယ်လူမာကိုရုစ်အားခေါ်ယူရန်စိတ်ဝင်စားနေကြောင်းသိရသည်။

# မြောက်လန်ဒန်တွင် အာဆင်နယ် အခြေချသည့်နှစ်(၁၀၀)ပြည့်

## စတုတ်စီးတီးကိုအနိုင်ရသည့်ပွဲတွင် အမှတ်တရအင်္ကျီဝတ်ဆင်ခဲ့ကြ

အာဆင်နယ်အသင်းသည် မြောက်လန်ဒန်ရှိ အစ္စလင်တန်အရပ်သို့ ပြောင်းရွှေ့အခြေစိုက်ခဲ့သည်မှာ နှစ်(၁၀၀)ပြည့်သွားခဲ့ပြီဖြစ်ကြောင်းသိရှိရသည်။ အာဆင်နယ်အသင်း စတင်တည်ထောင်ခဲ့သည့် ၁၈၈၆ ခုနှစ်က အသင်းမှာ အရှေ့လန်ဒန်ရှိ ဝူးလ်ဝစ်ချ်အရပ်တွင်အခြေစိုက်ခဲ့ပြီး အသင်း၏အမည်မှာလည်း ဝူးလ်ဝစ်ချ်အာဆင်နယ်အသင်းဖြစ်သည်။ ဝူးလ်ဝစ်ချ်ရှိ Royal Arsenal လက်နက်စက်ရုံမှ အလုပ်သမားများစုပေါင်း၍ အာဆင်နယ်အသင်းကို တည်ထောင်ခဲ့ခြင်းဖြစ်သည်။

၁၉၀၀ ကျော်ခုနှစ်များသို့ ရောက်ရှိလာသည့်အခါ အသင်းမှာ ဘဏ္ဍာရေးအခက်အခဲများကိုရင်ဆိုင်ခဲ့ရပြီး ၁၉၁၀ ခုနှစ်တွင် ဒေဝါလီခံခဲ့ရသည်။ ထို့နောက် လန်ဒန်မြို့ခံစီးပွားရေးသမား ဟင်နရီနောရစ်နှင့် ဝီလီယံဟောလ်တို့က အသင်းအား ဝယ်ယူခဲ့သည်။ အာဆင်နယ်အသင်းမှာ လန်ဒန်မြို့ရှိ နေရာများစွာတွင် ရွှေ့ပြောင်းနေထိုင်ခဲ့ရပြီးနောက် ၁၉၁၃ ခုနှစ်တွင် မြောက်လန်ဒန်ရှိ အစ္စလင်တန်၌ အခြေချခဲ့ခြင်းဖြစ်သည်။ အသင်း၏အမည်ကိုလည်း ဝူးလ်ဝစ်ချ်စာသားဖြုတ်ကာ အာဆင်နယ်အသင်းဟုခေါ်တွင်စေပြီး အစ္စလင်တန်အရပ်အနီးတွင် ဟိုက်ဘူရီကွင်းကို အိမ်ကွင်းအဖြစ် သတ်မှတ်ကစားစေခဲ့သည်။

ယခုစက်တင်ဘာလအတွင်း မြောက်လန်ဒန်ဒေသသို့ရွှေ့ပြောင်းခဲ့သည်မှာ နှစ်(၁၀၀)ပြည့်မြောက်သွားခဲ့ခြင်းဖြစ်ရာ အာဆင်နယ်အသင်း၏ကစားသမားများသည် တနင်္ဂနွေနေ့ကကစားခဲ့သော စတုတ်စီးတီးနှင့်ပွဲတွင် နှစ်(၁၀၀)ပြည့်အမှတ်တရစာသားပါအင်္ကျီများ ဝတ်ဆင်ခဲ့ကြသည်။ ထို့ပြင် အာဆင်နယ်အသင်းတာဝန်ရှိသူများက စတုတ်စီးတီးနှင့်ကစားသည့်ပွဲအတွက် ပရိသတ်များကို ပွဲကြိုအစီအစဉ်စာရွက်များ ဝေငှရာတွင် လွန်ခဲ့သည့်နှစ်(၁၀၀)က ဝေငှခဲ့သော အစီအစဉ်စာရွက်ပုံစံတူများကို ထည့်သွင်းဝေငှခဲ့ကြောင်းလည်းသိရှိရသည်။

ယင်းပွဲမတိုင်မီ အာဆင်နယ်အသင်း၏အီမရိတ်စ်ကွင်းရှေ့တွင် နံပါတ်(၁၁)ပါ အိုဇေးလ်အင်္ကျီများဝတ်ဆင်ထားသည့်ပရိသတ်များစုဝေးခဲ့ကြကြောင်းလည်း သိရှိရသည်။ အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက "ကျွန်တော် အစ္စလင်တန်ဒေသနဲ့ ကောင်းကောင်းရင်းနှီးနေပါပြီ။ အစ္စလင်တန်က လူတွေကိုလည်း ကောင်းကောင်းသိကျွမ်းနေပါပြီ။ ဒီဒေသဟာ ကျွန်တော့်အတွက် အိမ်လိုပါပဲ"ဟု ပြောကြားခဲ့သည်။




**မြောက်လန်ဒန်ရှိ လိဂ်အသင်းများ**

အာဆင်နယ်(၁၈၈၆)၊ စပါး(၁၈၈၂)၊ ဘားနက်(၁၈၈၈)၊ အန်းဖီးလ် (၁၈၉၃)၊ စတီဗန်နေ့ချ် (၁၉၇၆)




Photo : AFP

First Eleven Sports Journal Vol:14 No.17 26, September, 2013

# ဒီကာနီယိုအား ဆန်းဒါးလန်းပရိသတ်များ ပြန်လည်လှောင်ပြောင်




ဆန်းဒါးလန်းအသင်းအားပေးသူပရိသတ်များသည် ၎င်းတို့အသင်း၏နည်းပြဖြစ်သူ ပေါ်လို ဒီကာနီယိုအား ဝက်စ်ဘရွန်းကို ရှုံးနိမ့်ခဲ့သည့်ပွဲတွင် လှောင်ပြောင်ခဲ့ကြကြောင်း သိရှိရသည်။

ပြီးခဲ့သည့်စနေနေ့က ကစားခဲ့သော ပရီးမီးယားလိဂ်ပွဲစဉ်တွင် ဆန်းဒါးလန်းအသင်းသည် ဝက်စ်ဘရွန်းအသင်းကို အဝေးကွင်း၌ (၃-၀)ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်ပြီး အဝေးကွင်းသို့ လိုက်ပါအားပေးသည့် ဆန်းဒါးလန်းပရိသတ်များက ပွဲကြည့်စင်ပေါ်မှ ဒီကာနီယိုအား အော်ဟစ်ကာ လှောင်ပြောင်ခဲ့ခြင်းဖြစ်သည်။ ဆန်းဒါးလန်းအသင်းသည် ရာသီအစပွဲစဉ်(၅)ပွဲတွင် သရေပွဲ တစ်ပွဲသာရရှိကာ (၄)ပွဲရှုံးနိမ့်ထားပြီး အမှတ်ပေးဇယားအောက်ခြေသို့ ရောက်ရှိနေသည်။

ပရိသတ်များက လှောင်ပြောင်နေကြချိန်တွင် ဒီကာနီယိုက သူ၏ခေါင်းကို လက်ညှိုးဖြင့်ထိုးကာ "မင်းတို့ရဲ့ ခေါင်းတွေအားလုံး ငါ့အပေါ် ပုံချကြ"ဟု ပြန်လည်တုံ့ပြန်ခဲ့ကြောင်းလည်း သိရှိရသည်။ ထို့ပြင် ဒီကာနီယိုက ယင်းကဲ့သို့ ရှုံးနိမ့်မှုများ ဆက်တိုက်ရောက်ရှိလာခဲ့ပါက သူ့ရာထူးမှ ထုတ်ပယ်ခံရဖွယ်ရှိကြောင်းလည်း ဝန်ခံပြောကြားခဲ့သည်။ ပွဲအပြီးတွင် ဒီကာနီယိုက "ဘယ်နည်းပြမဆို ဒီလို ရှုံးနိမ့်မှုတွေဆက်တိုက်၊ ဆက်တိုက်ကြုံတွေ့နေရပြီဆိုရင် ဒါနဲ့ပတ်သက်တဲ့အကျိုးဆက်တွေ ဆက်ပြီးရောက်ရှိလာမှာပါ" ဟု ပြောကြားခဲ့သည်။

| ယခုရာသီ ဆန်းဒါးလန်းအသင်း၏ရလဒ်များ | |
|---|---|
| ဆန်းဒါးလန်း ၀-၁ ဖူလ်ဟမ် | (ရှုံး) |
| ဆောက်သမ်တန် ၁-၁ ဆန်းဒါးလန်း | (သရေ) |
| ပဲလေ့စ် ၃-၁ ဆန်းဒါးလန်း | (ရှုံး) |
| ဆန်းဒါးလန်း ၁-၃ အာဆင်နယ် | (ရှုံး) |
| ဝက်စ်ဘရွန်း ၃-၀ ဆန်းဒါးလန်း | (ရှုံး) |

# မိမိ၏စံချိန်ကို ရွန်နီ ချိုးနိုင်သည်ဟု ချာလ်တန်ဆို

မန်ယူအသင်း၏ ဂန္ထဝင်တိုက်စစ်မှူး ဘော်ဘီချာလ်တန်က မန်ယူတိုက်စစ်မှူးဝိန်းရွန်နီအနေဖြင့် မန်ယူအသင်းတွင်ပျော်ရွှင်နေပြီဖြစ်ပြီး မိမိ၏ ကလပ်အသင်းဂိုးသွင်းစံချိန်ကို ရိုက်ချိုးနိုင်သည်ဟု မှတ်ချက်ပြုပြောကြားလိုက်သည်။ ဘော်ဘီချာလ်တန်သည် မန်ယူအသင်းအတွက် ဂိုးပေါင်း (၂၄၉)ဂိုးသွင်းယူထားသူဖြစ်ပြီး ရွန်နီက မန်ချက်စတာဒါဘီပွဲစဉ်မတိုင်မီ ဂိုး(၂၀၀)သွင်းယူထားသည်။ ချာလ်တန်က ရွန်နီသည် မန်ယူတွင်ဆက်ကစားပြီး နောက်ထပ်အနည်းဆုံးဂိုး(၅၀)သွင်းလိမ့်မည်ဟု ပြောကြားခဲ့သည်။

# ချယ်လ်ဆီးလူငယ်အီချရန် ဝက်ဖို့ဒ်သို့အငှားရောက်ရှိ

ချယ်လ်ဆီးအသင်း၏ လူငယ်ကစားသမား အီချရန်သည် လိဂ်ချန်ပီယံရှစ်ကလပ် ဝက်ဖို့ဒ်အသင်းသို့ အငှားသွားရောက်ကစားမည်ဖြစ်ကြောင်း သိရှိရသည်။ ဝက်ဖို့ဒ်အသင်းနည်းပြဖြစ်သူ ဇိုလာသည် ချယ်လ်ဆီးအသင်း၏ကစားသမားဟောင်းတစ်ဦးဖြစ်ပြီး ကွင်းလယ်လူ အီချရန်အား ဇန်နဝါရီ (၂)ရက်နေ့အထိ ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ချယ်လ်ဆီးအသင်း၏ လူငယ်ကစားသမားတစ်ဦးဖြစ်သူ ချာလိုဘာမှာလည်း ဝက်ဖို့ဒ်အသင်းတွင် အငှားစာချုပ်ဖြင့် သွားရောက်ကစားနေရာ အီချရန်သည် ဝက်ဖို့ဒ်တွင် ၎င်းနှင့်အတူ ပြန်လည်၍ တွဲဖက်ကစားရမည်ဖြစ်သည်။

## SHORT

❒ အဲဗာတန်အသင်းနည်းပြ မာတီနက်ဇ်က ဝက်စ်ဟမ်းအသင်းအား အနိုင်ရရှိခဲ့သော အဝေးကွင်းပွဲစဉ်တွင် အသင်းအတွက် ဂိုး(၂)ဂိုးကို ဖရီးကစ်များမှတစ်ဆင့် သွင်းယူပေးခဲ့သော နောက်ခံလူ လေတန်ဘိန်းစ်ကို ချီးကျူးပြောကြားခဲ့သည်။ မာတီနက်ဇ်က ကမ္ဘာပေါ်တွင် ဖရီးကစ်ဂိုးသွင်းနိုင်သူ များစွာရှိသော်လည်း ဘိန်းစ်သည် တစ်ပွဲတည်းတွင်(၂)ဂိုးရအောင်သွင်းနိုင်သူဖြစ်၍ ၎င်းမှာ နှိုင်းမရအောင် ထူးချွန်သူဖြစ်သည်ဟု ပြောကြားခဲ့သည်။

❒ လီဗာပူးလ်အသင်း၏ နောက်ခံလူဟောင်းကာရေဂါက ယခုဗုဒ္ဓဟူးနေ့တွင်ကစားမည့် လိဂ်ဖလားတတိယအဆင့်ပွဲစဉ် မန်ယူ-လီဗာပူးလ်ပွဲ၌ တိုက်စစ်မှူးဆွာရက်ဇ်ပွဲအစမှပင်ပါဝင်ကစားလိမ့်မည်ဟုယုံကြည်ကြောင်း ပြောကြားခဲ့သည်။ ဆွာရက်ဇ်သည် ပွဲပယ်ပြစ်ဒဏ်စေ့သွားပြီဖြစ်သဖြင့် ယင်းပွဲတွင် ပြန်လည်ပါဝင်ကစားခွင့်ရရှိမည်ဖြစ်သည်။

❒ အာဆင်နယ်အသင်း၏နောက်ခံလူဟောင်း မာတင်ကီအွန်က မန်ယူအသင်းသည် ၎င်းတို့၏တောင်ပံကစားသမားအက်ရှ်လေယန်း၏ ဟန်ဆောင်လဲချမှုကြောင့် ချန်ပီယံဆုထိန်းသိမ်းရာတွင် ထိခိုက်မှုများရှိလာနိုင်သည်ဟု ပြောကြားခဲ့သည်။ မာတင်ကီအွန်က မန်ယူအသင်းသည် အရေးပါသောပွဲစဉ်များတွင် ပယ်နယ်တီဧရိယာအတွင်း အက်ရှ်လေယန်း အမှန်တကယ်လဲကျသောအချိန်များ၌ ဒိုင်များ၏အမြင်စောင်းမှုကြောင့် ပယ်နယ်တီများကိုဆုံးရှုံးရနိုင်သည်ဟု ပြောကြားခဲ့သည်။

❒ နယူးကာဆယ်အသင်းနည်းပြ အလန်ပါဂျူးက ဟားလ်စီးတီးအသင်းကို အိမ်ကွင်းတွင် (၂-၃)ဂိုးဖြင့်ရှုံးနိမ့်ခဲ့ခြင်းအတွက် အလွန်စိတ်ပျက်ရကြောင်း၊ ယင်းပွဲတွင် အသင်း၏စွမ်းဆောင်ရည်ကို လုံးဝကျေနပ်မှုမရှိကြောင်းပြောကြားခဲ့သည်။ ဟားလ်စီးတီးကိုပေးခဲ့ရသော ဂိုး(၃)ဂိုးစလုံးမှာ မိမိတို့၏အမှားများကြောင့်ဖြစ်သည်ဟု ပါဂျူးကပြောကြားခဲ့သည်။

❒ စပါးအသင်းသို့ရောက်ရှိလာသော ဒိန်းမတ်ကွင်းလယ်ကစားသမားအဲရစ်ဆင်က သူသည် မန်စီးတီးအသင်း၏ ကမ်းလှမ်းမှုကိုပယ်ချကာ စပါးအသင်းသို့ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။ အဲရစ်ဆင်က မန်စီးတီးအသင်းမှာ မိမိအတွက် သင့်တော်သည့်အသင်းတစ်သင်းမဟုတ်ဟုထင်မြင်မိကြောင်း ပြောကြားခဲ့သည်။

❒ ဝက်စ်ဘရွန်းအသင်းနည်းပြ စတိဗ်ကလက်ခ်က ဆန်းဒါးလန်းအသင်းကို (၃-၀)ဂိုးဖြင့်အနိုင်ရရှိခဲ့သောပွဲစဉ်အတွက် များစွာဝမ်းသာမိကြောင်း ပြောကြားခဲ့သည်။ ဝက်စ်ဘရွန်းအသင်းသည် ရာသီအစ(၄)ပွဲတွင် (၂)ပွဲသရေကျကာ (၂)ပွဲရှုံးထားပြီး ယခုပွဲစဉ်တွင် ပထမဆုံးနိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

❒ နယူးကာဆယ်အသင်း၏အားကစားဒါရိုက်တာ ဂျိုးကင်နီယာက သူ၏နွေရာသီအပြောင်းအရွှေ့ကာလအတွင်း လုပ်ဆောင်ချက်များကို ကာကွယ်ပြောကြားခဲ့သည်။ နယူးကာဆယ်အသင်းသည် နွေရာသီကာလအတွင်း ကစားသမားသစ်များစွာဖြည့်တင်းနိုင်ခြင်းမရှိဘဲ QPR တိုက်စစ်မှူးရီမီတစ်ဦးတည်းကိုသာ အငှားခေါ်ယူနိုင်ခဲ့သည်။

# မာတာအား အသုံးမပြုခြင်းနှင့်ပတ်သက်၍ဝေဖန်ခဲ့သော ချယ်လ်ဆီးနည်းပြဟောင်းဂူးလစ်အား မော်ရင်ဟို တုံ့ပြန်

ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ဟိုသည် အသင်း၏ စပိန်ကွင်းလယ်လူ မာတာအားအသုံးမပြုခြင်းနှင့်ပတ်သက်၍ ဝေဖန်ခဲ့သော ချယ်လ်ဆီးနည်းပြဟောင်း ရုဒ်ဂူးလစ်ကို ပြန်လည်တုံ့ပြန်ပြောဆိုမှုများ ပြုလုပ်ခဲ့သည်။

မာတာသည် ပြီးခဲ့သည့်(၂)ရာသီဆက် ချယ်လ်ဆီးပရိသတ်များ၏ အကောင်းဆုံးကစားသမားအဖြစ်ရွေးချယ်ခံခဲ့ရသူဖြစ်သလို၊ ချယ်လ်ဆီးအသင်း၏ ဥရောပအောင်မြင်မှုများတွင် အဓိကကူညီပံ့ပိုးပေးခဲ့သူလည်း ဖြစ်သည်။ သို့သော် မော်ရင်ဟိုသည် ယခုရာသီ အသင်း၏ပွဲစဉ်များတွင် မာတာကို ဦးစားပေးအသုံးပြုခြင်းမရှိဘဲ အချို့သောပွဲစဉ်များတွင် အရန်အဖြစ်သာအသုံးပြုကာ အချို့သောပွဲစဉ်များတွင် လုံးလုံးချန်လှပ်ခဲ့သည်။ သို့ဖြစ်ရာ မော်ရင်ဟိုသည် မာတာကိုဘောလုံးအကြောင်းပြချက်ကြောင့်မဟုတ်ဘဲ ပုဂ္ဂိုလ်ရေးအရ ချန်လှပ်ခြင်းဖြစ်သည်ဟု ရုဒ်ဂူးလစ်က Sky Sports ရုပ်သံတွင် ဝေဖန်ခဲ့ခြင်းဖြစ်သည်။

မော်ရင်ဟိုက ချယ်လ်ဆီး-ဖူလ်ဟမ်ပွဲအပြီးတွင် ရုပ်သံဘောလုံးဝေဖန်သူ ဂျေမီရက်နက်ပ်နှင့်ပြုလုပ်ခဲ့သော ပွဲအပြီးသုံးသပ်ချက်အစီအစဉ်၌ "ကျွန်တော် မာတာရဲ့အနေအထားကို ပြောင်းလဲမှာမဟုတ်ပါဘူး။ လူတိုင်းမှာ အမြင်ကိုယ်စီရှိကြပါတယ်။ ဒါပေမဲ့ ချယ်လ်ဆီးနည်းပြဟာ ဂျေမီရက်နက်ပ်မဟုတ်ပါဘူး။ ကျွန်တော်ပါ။ ကျွန်တော့်အနေနဲ့ မာတာကို အခုထက်ပိုပြီး ငွေကောင်းစေဖို့နဲ့ ဘောလုံးပညာပိုပြီး တိုးတက်စေဖို့အ လိုရှိပါတယ်" ဟု ပြောကြားခဲ့သည်။ ထို့ပြင် မော်ရင်ဟိုက ရုဒ်ဂူးလစ်ကို ရည်ညွှန်း၍ "အင်္ဂလန်မှာ အလွန်တော်တဲ့ ဘောလုံးဝေဖန်သူတွေ၊ ရုပ်သံတင်ဆက်သူတွေများစွာရှိပါတယ်။ သူတို့ရဲ့ အမြင်တွေကိုလည်း ကျွန်တော်အလေးထားပြီး ကျွန်တော့်ရဲ့အလုပ်ကိုလည်း ကျွန်တော် အကောင်းဆုံးပြုလုပ်နေပါတယ်။ ဒါပေမဲ့ ဝေဖန်သူတစ်ဦးထက် နည်းပြတစ်ဦးရဲ့အလုပ်က ပိုပြီးခက်ခဲပါတယ်။ ဂူးလစ်ဟာ တခြားဝေဖန်သူတွေနဲ့ ကွာခြားတာက သူဟာ နည်းပြတစ်ဦးလည်းဖြစ်နေတာပါပဲ။ သူ့အနေနဲ့ ပြီးခဲ့တဲ့(၃)နှစ်အတွင်း သူ စွမ်းဆောင်ခဲ့တာတွေနဲ့နှိုင်းယှဉ်ရင် မော်ကြွားတဲ့နည်းပြတစ်ဦးမဖြစ်သင့်ဘူးလို့ ထင်ပါတယ်" ဟု ပြောကြားခဲ့သည်။

ဂူးလစ်သည် ၂၀၁၁ ခုနှစ် ဇွန်လအတွင်းက ရုရှားကလပ် တီရက်ဂရော့ဇနီအသင်းမှထုတ်ပယ်ခံရပြီးနောက် အသင်းလက်မဲ့ဖြစ်နေသူလည်းဖြစ်သည်။ ဂူးလစ်သည် သူ၏မန်နေဂျာသက်တမ်းတစ်လျှောက် အောင်မြင်မှုအဖြစ် ချယ်လ်ဆီးအသင်းနှင့် FA ဖလား တစ်ကြိမ်သာ ရရှိခဲ့ဖူးသည်။

| ပြီးခဲ့သည့်ရာသီ ပရီးမီးယားလိဂ်ဂိုးရရန် ဖန်တီးပေးပို့မှုအကောင်းဆုံးကစားသမားများ | | | | | |
|---|---|---|---|---|---|
| ကစားသမား | ကလပ် | ပံ့ပိုးမှု | ကစားသမား | ကလပ် | ပံ့ပိုးမှု |
| မာတာ | ချယ်လ်ဆီး | (၁၃)ကြိမ် | ဗန်ပါစီ | မန်ယူ | (၁၀)ကြိမ် |
| ဟာဇက် | ချယ်လ်ဆီး | (၁၃)ကြိမ် | ပိုဒေါ်စကီး | အာဆင်နယ် | (၁၀)ကြိမ် |
| ကာဇိုလာ | အာဆင်နယ် | (၁၂)ကြိမ် | ဂျရတ် | လီဗာပူးလ် | (၉)ကြိမ် |
| ဝေါလ်ကော့ | အာဆင်နယ် | (၁၁)ကြိမ် | ဒေးဗစ်ဆေးလ်ဗား | မန်စီးတီး | (၉)ကြိမ် |
| ရွန်နီ | မန်ယူ | (၁၁)ကြိမ် | တီဗက်ဇ် | မန်စီးတီး | (၈)ကြိမ် |

| ချယ်လ်ဆီးအကောင်းဆုံးကစားသမားဆုရရှိခဲ့သူများ | | | | | |
|---|---|---|---|---|---|
| ခုနှစ် | ကစားသမား | လူမျိုး | ကစားသမား | ကလပ် | ပံ့ပိုးမှု |
| ၂၀၀၄ | လမ်းပတ် | အင်္ဂလန် | ၂၀၀၉ | လမ်းပတ် | အင်္ဂလန် |
| ၂၀၀၅ | လမ်းပတ် | အင်္ဂလန် | ၂၀၁၀ | ဒရော့ဘာ | အိုင်ဗရီကို့စ် |
| ၂၀၀၆ | တယ်ရီ | အင်္ဂလန် | ၂၀၁၁ | ပီတာဆက်ခ်ျ | ချက် |
| ၂၀၀၇ | အက်ဆီယန် | ဂါနာ | ၂၀၁၂ | မာတာ | စပိန် |
| ၂၀၀၈ | ဂျိုးကိုးလ် | အင်္ဂလန် | ၂၀၁၃ | မာတာ | စပိန် |



ရုပ်သံမှတစ်ဆင့် ရက်နက်ပ်၏မေးမြန်းမှုကို မော်ရင်ဟိုဖြေကြားနေစဉ်(ပုံ-၁)၊ Sky Sports စတူဒီယိုထဲတွင် အတူရှိနေသည့် ဂူးလစ်နှင့်ဂျေမီရက်နက်ပ်(ပုံ-၂)

# ရှယ်ယာများရောင်းချရန်အင်တာဥက္ကဋ္ဌမိုရက်တီသဘောတူ

## သို့သော်ပေါင်သန်း(၃၀၀)ဖြင့်ရောင်းချမည်ဆိုခြင်းကိုငြင်းဆို




Photo:AP

Photo:AFP

အင်တာမီလန်အသင်းဥက္ကဋ္ဌမိုရက်တီသည် အသင်း၏ရှယ်ယာ(၇၅)ရာခိုင်နှုန်းဝန်းကျင်အား ပေါင်သန်း(၃၀၀)ဖြင့် အင်ဒိုနီးရှားလုပ်ငန်းရှင် အဲရစ်သိုဟာအားရောင်းချရန် သဘောတူညီခဲ့ပြီဆိုသောသတင်းများကို ငြင်းဆိုခဲ့ကြောင်းသိရသည်။ ပြီးခဲ့သည့်ကြာသပတေးနေ့က ပြင်သစ်နိုင်ငံ၊ ပါရီမြို့ရှိ Lazard ဘဏ်ရုံးချုပ်၌ မိုရက်တီနှင့် အဲရစ်သိုဟာတို့တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ပြီးနောက် အဆိုပါသတင်းများထွက်ပေါ် ခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့်စနေနေ့က အင်တာမီလန်ဥက္ကဋ္ဌမိုရက်တီက ပေါင်သန်း(၃၀၀)ပမာဏဖြင့် ရှယ်ယာများရောင်းချမည်ဆိုခြင်းကို ငြင်းဆန်ခဲ့သည်။ သို့သော် ရှယ်ယာများရောင်းချရန်မှု မိုရက်တီနှင့် အဲရစ်သိုဟာတို့ကြား နှုတ်အားဖြင့်သဘောတူညီခဲ့ကြောင်း မိုရက်တီက ဝန်ခံခဲ့သည်။ ယခုတစ်ပတ်အတွင်း ဆွေးနွေးမှုများထပ်မံပြုလုပ်သွားဦးမည်ဖြစ်ပြီး နှစ်ဖက်ရှေ့နေများသည် ယခုအင်္ဂါနေ့တွင်တွေ့ဆုံသွားမည်ဖြစ်ကြောင်း Corriere dello Sport၊ Sport Mediaset၊ ANSA စသည့်သတင်းဌာနများက ဖော်ပြခဲ့ကြသည်။ အပြီးသတ်စာချုပ်ချုပ်ဆိုခြင်းအခမ်းအနားကိုမူ လာမည့်တစ်ပတ်အတွင်း ပြုလုပ်သွားမည်ဖြစ်ပြီး အသင်း၏ရှယ်ယာ(၇၅)ရာခိုင်နှုန်းကို အင်ဒိုနီးရှားလုပ်ငန်းရှင် အဲရစ်သိုဟာအမှန်တကယ်ပိုင်ဆိုင်ခဲ့ပါက အင်တာမီလန်အသင်းဥက္ကဋ္ဌအဖြစ် (၁၈)နှစ်ကြာတာဝန်ယူခဲ့သူ မိုရက်တီသည် ဥက္ကဋ္ဌရာထူးမှနုတ်ထွက်ရဖွယ်ရှိနေကြောင်းသိရသည်။

**မိုရက်တီလက်ထက် အင်တာမီလန်အနှစ်ချုပ်**

စတင်တာဝန်ယူသည့်နှစ် - ၁၉၉၅၊ စီးရီးအေ - (၅)ကြိမ်
ကိုပါအီတာလီယာ -(၄)ကြိမ်၊ အီတလီစူပါဖလား - (၄) ကြိမ်
ချန်ပီယံလိဂ် - (၁)ကြိမ် ၊ ဗီဖာကလပ်ကမ္ဘာ့ဖလား - (၁) ကြိမ်
အပြောင်းအရွှေ့အသုံးစရိတ် - ယူရိုသန်း(၆၀၀)
ကြေးအကြီးဆုံးခေါ်ယူခဲ့သူ - ဗီယာရီ(ယူရို ၄၈သန်း)
ကစားခဲ့သည့်နာမည်ကျော်အချို့ - ဇော်နယ်လ်ဒို၊ ဘက်ဂီယို၊ ဖီဂို၊ အီတူး

အင်တာမီလန်အသင်းဥက္ကဋ္ဌ မိုရက်တီက "တစ်ဦးအကြောင်း တစ်ဦးသိခဲ့ရလို့ ဒီတွေ့ဆုံမှုက တန်ဖိုးရှိပါတယ်။ ဆွေးနွေးမှုတွေပြုလုပ်ခဲ့ကြပေမယ့် အပြီးသတ်သဘောတူညီမှုတော့မရသေးပါဘူး။ အားလုံးအဆုံးသတ်ဖို့ တစ်လလောက်အချိန်ယူဆွေးနွေးရဦးမှာပါ။ အသင်းဥက္ကဋ္ဌအဖြစ်ဆက်ရှိဖို့လည်း မသေချာပါဘူး။ ဒါပေမဲ့ အသင်းရဲ့အနာဂတ်မှာ တစ်စိတ်တစ်ပိုင်းပါဝင်နေဦးမှာပါ။ အင်တာမီလန်အသင်းထိပ်တန်းအဆင့်ပြန်ရောက်ဖို့အတွက် ရင်းနှီးမြှုပ်နှံမှုတွေလိုအပ်ပါတယ်"ဟုပြောကြားခဲ့သည်။

### ဝါရင့်ကွင်းလယ်လူတော့တီ ရိုးမားနှင့် (၂)နှစ်သက်တမ်းတိုး စာချုပ်ချုပ်ဆို

ရိုးမားအသင်း၏ ဝါရင့်ကွင်းလယ်လူတော့တီသည် အသင်းနှင့် (၂)နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။ ပြီးခဲ့သည့်သောကြာနေ့က တရားဝင်သတင်းစာရှင်းလင်းပွဲပြုလုပ်ကာ သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး ယင်းစာချုပ်ချုပ်ဆိုပွဲအခမ်းအနားသို့ ရိုးမားအသင်းဥက္ကဋ္ဌပါလ်ရော့တာကိုယ်တိုင်တက်ရောက်ခဲ့သည်။ တော့တီကအသင်းနှင့်စာချုပ်သက်တမ်းတိုးနိုင်ခဲ့သည့်အတွက်အသင်းဥက္ကဋ္ဌပါလ်ရော့တာအား ကျေးဇူးတင်ကြောင်းပြောကြားခဲ့ပြီး မိမိအတွက်ရော၊ ကလပ်အသင်းအတွက်ပါ ကျေနပ်စရာဖြစ်ကြောင်း ပြောကြားခဲ့သည်။ အသက်(၃၇)နှစ်ပြည့်တော့မည့် တော့တီသည် ရိုးမားအသင်း၏ ငယ်မွေးခြံပေါက်ကစားသမားတစ်ဦးလည်းဖြစ်သည်။

### ဥရောပပြိုင်ပွဲများသည် ပိုမိုခက်ခဲကြောင်း ဗီအိုရင်တီးနားနည်းပြမွန်တဲလား ဝန်ခံ

ဗီအိုရင်တီးနားအသင်းနည်းပြ မွန်တဲလားက ဥရောပပြိုင်ပွဲများသည် မိမိမျှော်လင့်ထားသည်ထက် ပိုမိုခက်ခဲကြောင်း ဝန်ခံခဲ့သည်။ ဗီအိုရင်တီးနားအသင်းသည် ယူရိုပါလိဂ်အဖွင့်ပွဲစဉ်တွင် ပေါ်တူဂီကလပ်ပါကိုစ်ဖာရဲရားအသင်းအား (၃)ဂိုးပြတ်အနိုင်ရရှိခဲ့သော်လည်း မွန်တဲလားကယခုကဲ့သို့ပြောကြားခဲ့ခြင်းဖြစ်သည်။ မွန်တဲလားက" ထင်ထားတာထက် ပိုပြီးခက်ခဲခဲ့တာပါ။ အဖွင့်ဂိုးမရခင်တုန်းက ကျွန်တော်တို့အသင်းအမှားတွေများခဲ့ပါတယ်။ ဂိုးရပြီးနောက်ပိုင်းမှသာကျွန်တော်တို့ ကောင်းကောင်းကစားနိုင်ခဲ့တာပါ"ဟုပြောကြားခဲ့သည်။ ယူရိုပါလိဂ်၌ဗိုလ်စွဲရန် ရေပန်းအစားဆုံးအသင်းများထဲတွင်ပါဝင်နေခြင်းနှင့် ပတ်သက်၍လည်း တစ်ပွဲချင်းစီကိုသာ အာရုံစိုက်၍ ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

### စီးရီးအေတွင် နိုင်ငံခြားသားပိုင်ရှင်များ လိုအပ်လာပြီဟု အေစီဒုဥက္ကဋ္ဌဂယ်လီယာနီဆို

အေစီမီလန်အသင်းဒုဥက္ကဋ္ဌဖြစ်သူ ဂယ်လီယာနီက စီးရီးအေပြိုင်ပွဲတိုးတက်ရန်အတွက် နိုင်ငံခြားသားပိုင်ရှင်များ၏ ရင်းနှီးမြှုပ်နှံမှုများလိုအပ်လာပြီဖြစ်ကြောင်း ဝန်ခံခဲ့သည်။ အင်တာမီလန်အသင်း၏ရှယ်ယာများအား အင်ဒိုနီးရှားလုပ်ငန်းရှင်ထံရောင်းချရန်စီစဉ်နေခြင်းနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ဂယ်လီယာနီက ယခုကဲ့သို့ပြောကြားခဲ့ခြင်းဖြစ်သည်။ ဂယ်လီယာနီက" ဘောလုံးလောကက ပြောင်းလဲနေပါပြီ။ တခြားလိဂ်တွေမှာ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုတွေရှိနေပေမယ့် အီတလီမှာတော့မရှိသလောက်ပါပဲ။ အင်တာမီလန်ရဲ့လုပ်ရပ်က အီတလီဘောလုံးလောကအတွက် အပေါင်းလက္ခဏာဆောင်တဲ့ လုပ်ရပ်တစ်ခုပါ"ဟုမှတ်ချက်ပေးခဲ့သည်။

# Nike နှင့်ဝတ်စုံစပွန်ဆာစာချုပ်သက်တမ်းကုန်ဆုံးခဲ့ပါက Adidas ကုမ္ပဏီဖြင့် အစားထိုးရန်ဂျူဗင်တပ်စ်စီစဉ်




Photo:juventusfc.com

ဂျူဗင်တပ်စ်အသင်းသည် အမေရိကန်အားကစားပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီ Nike နှင့်ချုပ်ဆိုထားသည့် ဝတ်စုံစပွန်ဆာစာချုပ်သက်တမ်းကုန်ဆုံးပါက Nike ၏အဓိကပြိုင်ဘက်ဂျာမနီအားကစားပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီ Adidas နှင့်စာချုပ်ချုပ်ဆိုသွားဖွယ်ရှိနေကြောင်း အီတလီသတင်းစာTuttosport မှ ဖော်ပြခဲ့သည်။ ၂၀၀၃ခုနှစ်မှ စတင် လက်တွဲခဲ့သည့်ဂျူဗင်တပ်စ်နှင့်Nike တို့ကြားစာချုပ်သက်တမ်းမှာ ၂၀၁၄-၁၅ဘောလုံးရာသီကုန်တွင်ကုန်ဆုံးမည်ဖြစ်ပြီးစာချုပ်သက်တမ်းတိုးမြှင့်ဖွယ်မရှိကြောင်းလည်း သိရသည်။

ယင်းအချိန်တွင်အီတလီဘောလုံးလောကအတွင်း ဈေးကွက်ချဲ့ထွင်လိုနေသည့် Adidas ကအစားထိုးဝင်ရောက်ရန် စီစဉ်နေခြင်းလည်းဖြစ်သည်။ Nike နှင့်ဂျူဗင်တပ်စ်အသင်းတို့သည် တစ်နှစ်လျှင်အမေရိကန်ဒေါ်လာ(၁၇)သန်းဖြင့် စာချုပ်ချုပ်ဆိုထားပြီး ကမ္ဘာ့တန်ဖိုးအကြီးဆုံးဘောလုံးဝတ်စုံစပွန်ဆာ(၁၀)ခုထဲတွင် ပါဝင်လျက်ရှိသည်။ ဂျူဗင်တပ်စ်အသင်းသည် Nike မတိုင်မီက Kappa၊ Lotto စသည့်ကုမ္ပဏီများနှင့် ဝတ်စုံစပွန်ဆာစာချုပ်များ ချုပ်ဆိုခဲ့ဖူးသည်။

**တန်ဖိုးအကြီးဆုံးဝတ်စုံစပွန်ဆာ(၁၀)ခု**

| | | | | | | | |
|---|---|---|---|---|---|---|---|
| - | ရီးယဲလ်(Adidas) | (၄၉)သန်း | ၂၀၂၀ | - | အာဆင်နယ်(Puma) | သန်း(၃၀) | ၂၀၁၉ |
| - | ဘာစီလိုနာ(Nike) | (၄၃)သန်း | ၂၀၁၈ | - | ဘေယန် (Adidas) | ၂၉သန်း | ၂၀၂၀ |
| - | မန်ယူ(Nike) | (၄၁)သန်း | ၂၀၁၅ | - | မန်စီးတီး(Nike) | ၁၉သန်း | ၂၀၁၉ |
| - | လီဗာပူးလ်(Warrior) | သန်း(၄၀) | ၂၀၁၅ | - | အေစီမီလန်(Adidas) | ၁၉သန်း | ၂၀၁၇ |
| - | ချယ်လ်ဆီး(Adidas) | (၃၂)သန်း | ၂၀၁၈ | - | ဂျူဗင်တပ်စ်(Nike) | ၁၇သန်း | ၂၀၁၅ |

## BRIEF

- ❒ ပါးမားအသင်းတိုက်စစ်မှူးဖြစ်သူ ဘီယာဘီယာနီက ဂျူဗင်တပ်စ်အသင်း၏ စိတ်ဝင်စားခြင်းကိုခံနေရသော်လည်း လက်ရှိအသင်းတွင်သာ ပျော်ရွှင်လျက်ရှိကြောင်း ပြောကြားခဲ့သည်။
- ❒ နည်းပြသစ်မက်ဇာရီလက်အောက်တွင် မိမိတို့အသင်းသားများ၏ ရုပ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုနှင့် စိတ်ပိုင်းဆိုင်ရာယုံကြည်ချက်များပြောင်းလဲတိုးတက်လာကြောင်း အင်တာကွင်းလယ်လူအယ်လ်ဗာရက်ဇ်က ပြောကြားခဲ့သည်။
- ❒ ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလက ရီးယဲလ်အသင်းမှ နာပိုလီအသင်းသို့ ပြောင်းရွှေ့ခဲ့သည့်တိုက်စစ်မှူး ဟီဂွာအင်က စီးရီးအေပြိုင်ပွဲသည် လာလီဂါထက်ကစားရပိုမိုခက်ခဲကြောင်းဝန်ခံခဲ့သည်။
- ❒ ဂျူဗင်တပ်စ်အသင်းအားကစားဒါရိုက်တာ မာရော့တာက ရီးယဲလ်အပါအဝင်ဥရောပအသင်းကြီးများက ခေါ်ယူရန်စိတ်ဝင်စားခြင်းခံနေရသည့် ကွင်းလယ်လူဗီဒယ်လ်မှာ ယူရိုသန်း(၁၀၀)တန်ကစားသမားဟု ဆိုခဲ့သည်။
- ❒ ပြီးခဲ့သည့်ဧပြီလမှစ၍ ဒဏ်ရာပြဿနာကြောင့် အနားယူနေရသူ အင်တာမီလန်အသင်း၏ ဝါရင့်နောက်ခံလူဇနက်တီသည် အသင်းနှင့်လေ့ကျင့်ခန်းပြန်ဆင်းနေပြီး ယခုနှစ်အတွင်းပြန်ကစားနိုင်ရန်ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။
- ❒ ရိုးမားအသင်းနည်းပြဖြစ်သူ ရူဒီဂါစီယာက ရိုးမားအသင်းအားစတင်ကိုင်တွယ်ခဲ့ချိန်တွင် အသင်းသားများ၏စိတ်ပိုင်းဆိုင်ရာမှာ နိမ့်ကျလျက်ရှိပြီး မိမိအနေဖြင့် မြှင့်တင်ပေးခဲ့ရကြောင်း ပြောကြားခဲ့သည်။

First Eleven Sports Journal Vol:14 No.17 26, September, 2013

# ဗယ်လက်ကာနိုကိုဂိုးပြတ်အနိုင်ရခဲ့သော်လည်း ၂၀၀၈ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ဘာစီလိုနာအသင်းဘောလုံးပိုင်ဆိုင်မှုအသာစီးမရခဲ့

ပြီးခဲ့သည့်စနေနေ့ကကစားခဲ့သည့် ဗယ်လက်ကာနိုနှင့်ပွဲစဉ်တွင် ဘာစီလိုနာအသင်းသည် ၂၀၀၈ ခုနှစ်၊ မေလနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ပြိုင်ဘက်အသင်းအား ဘောလုံးပိုင်ဆိုင်မှုအသာစီးမရခဲ့ကြောင်း AFP သတင်းဌာနမှဖော်ပြခဲ့သည်။ ဘာစီလိုနာအသင်းသည် ဗယ်လက်ကာနိုအသင်းအား အဝေးကွင်း၌(၄)ဂိုးပြတ်အနိုင်ရရှိခဲ့သော်လည်း ဘောလုံးပိုင်ဆိုင်မှုအသာစီးမရခဲ့ခြင်းလည်းဖြစ်သည်။ ဗယ်လက်ကာနိုနှင့်ပွဲတွင် ဘာစီလိုနာအသင်းသည် ဘောလုံးပိုင်ဆိုင်မှု(၄၉)ရာခိုင်နှုန်းသာရခဲ့ပြီး ပြိုင်ဘက်အသင်းထက် (၂)ရာခိုင်နှုန်းနည်းခဲ့ခြင်းလည်းဖြစ်သည်။ ထို့ကြောင့် ဘာစီလိုနာအသင်း၏(၃၁၆)ပွဲဆက်တိုက် ဘောလုံးပိုင်ဆိုင်မှုအသာစီးရရှိခဲ့သည့်မှတ်တမ်း ရပ်တန့်သွားခဲ့ရသည်။

ဘာစီလိုနာအသင်းသည် နည်းပြဟောင်းဂွါဒီယိုလာ၊ ဗီလာနိုဗာတို့တာဝန်ယူခဲ့သည့် (၅)နှစ်အတွင်း ပြိုင်ဘက်အသင်းများထက် ဘောလုံးပိုင်ဆိုင်မှုရရှိခဲ့ပြီး ဂွါဒီယိုလာလက်ထက် တရားဝင်ပြိုင်ပွဲ(ခြေစမ်းပွဲများမပါ) (၂၄၇)ပွဲနှင့် ဗီလာနိုဗာလက်ထက်တွင် ပွဲ(၆၀)၊ ဘောလုံးပိုင်ဆိုင်မှုအသာရရှိခဲ့ခြင်းလည်းဖြစ်သည်။ လက်ရှိဘောလုံးရာသီတွင်

ဘာစီလိုနာအသင်း၏ (၅)နှစ်တာ ပြိုင်ပွဲစုံ ဘောလုံးပိုင်ဆိုင်မှုဇယား

| ရာသီ | လာလီဂါ | ချန်ပီယံလိဂ် | အခြား | စုစုပေါင်း |
|---|---|---|---|---|
| ၂၀၀၈-၀၉ | ၃၈ | ၁၅ | ၉ | ၆၂ |
| ၂၀၀၉-၁၀ | ၃၈ | ၁၂ | ၉ | ၅၉ |
| ၂၀၁၀-၁၁ | ၃၈ | ၁၃ | ၁၁ | ၆၂ |
| ၂၀၁၁-၁၂ | ၃၈ | ၁၂ | ၁၄ | ၆၄ |
| ၂၀၁၂-၁၃ | ၃၈ | ၁၂ | ၁၁ | ၆၁ |
| ၂၀၁၃-၁၄ | ၅ | ၁ | ၂ | ၈ |
| | | စုစုပေါင်း | | ၃၁၆ |

ဘာစီလိုနာအသင်းနည်းပြအဖြစ် စတင်တာဝန်ယူနေသည့် နည်းပြမာတီနိုသည် တရားဝင်ပြိုင်ပွဲ(၈)ပွဲအထိ ကိုင်တွယ်ထားပြီး အဆိုပါပွဲများတွင် ယခင်နည်းပြများနှင့်မတူညီသည့် နည်းဗျူဟာကိုကျင့်သုံးနေခြင်းဖြစ်သည်။ ၎င်းလက်ထက်တွင် ဘာစီလိုနာ၏မူပိုင် နာမည်ကျော်ကစားဟန် တီကီတာကာကို စွန့်လွှတ်ဖွယ်ရှိကြောင်း သတင်းများထွက်ပေါ်လာပြီးနောက်ပိုင်း ယခုကဲ့သို့(၅)နှစ်အတွင်း ပထမဆုံးအကြိမ်ဘောလုံးပိုင်ဆိုင်မှု အသာစီးမရသည့်မှတ်တမ်းကို ပိုင်ဆိုင်ခဲ့ခြင်းလည်းဖြစ်သည်။ ဗယ်လက်ကာနိုနှင့်ပွဲတွင်လည်း ကွင်းလယ်ဗဟိုနေရာ၌ ဆောင်းအားသုံးစွဲခဲ့သည့်အတွက် ဘောလုံးပိုင်ဆိုင်မှုအသာမရခဲ့ခြင်းဖြစ်နိုင်ကြောင်း မီဒီယာများကသုံးသပ်ခဲ့ကြသည်။ ရာသီကြိုကာလတွင် နည်းပြမာတီနိုရှန်းကန်ခဲ့ရသော်လည်း လာလီဂါရာသီအစ(၅)ပွဲနှင့် ချန်ပီယံလိဂ်(၁)ပွဲတို့တွင် ရာနှုန်းပြည့်နိုင်ပွဲများရယူနိုင်ခဲ့သည်။ ဘာစီလိုနာအသင်း နောက်ဆုံးအကြိမ် ဘောလုံးပိုင်ဆိုင်မှုအသာစီးမရခဲ့သည့်ပွဲမှာ ၂၀၀၈ ခုနှစ်၊ မေလ(၇)ရက်နေ့က ရီးယဲလ်အား(၄-၁)ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲတွင်ဖြစ်ကြောင်း သိရသည်။



ဗယ်လက်ကာနို-ဘာစီလိုနာပွဲမှ အကြိတ်အနယ်မြင်ကွင်းတစ်ခု

## နည်းပြမာတီနိုအပေါ် ဘာစီလိုနာကစားသမား အချို့၏မှတ်ချက်များ

**အန်နီအဲယတ်စ်**

အေဂျက်စ်အား(၄-၀)ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲအပြီးတွင် နောက်ခံလူအဲဗတ်စ်က "အခုအချိန်က အပြောင်းအလဲကာလလို့ ဆိုရမှာပါ။ နည်းပြမာတီနိုရဲ့ အိုင်ဒီယာနဲ့ အညီကျွန်တော်တို့အသင်းသားတွေ ကစားနိုင်ဖို့ကြိုးစားရမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

**ဂျရတ်ပီကေး**

အီတလီသတင်းစာ Gazzetta dello Sport နှင့်ဆုံတွေ့ခဲ့သည့် အင်တာဗျူးအစီအစဉ်တွင် ပီကေးက "ကျွန်တော်တို့အသင်းက ပြီးခဲ့တဲ့နှစ်တွေတုန်းမှာ အနီးကပ်အတိုပေးကစားဟန်နဲ့ ဘောလုံးပိုင်ဆိုင်မှုအသာစီးယူနိုင်ခဲ့ပါတယ်။ လာမယ့်အနာဂတ်မှာတော့ ဘာတွေဖြစ်လာမလဲ ဆိုတာမသိပါဘူး"ဟု ပြောကြားခဲ့သည်။

**ပက်ဒရို**

ဗယ်လက်ကာနိုနှင့်ပွဲတွင် ဟက်ထရစ်သွင်းယူခဲ့သည့် ပက်ဒရိုက "ကျွန်တော်တို့အသင်းက ကိုယ်ပိုင်အိုင်ဒီယာနဲ့ ဆက်လက်ချီတက်မှာပါ။ ပြိုင်ဘက်ကို ဖိအားပေးမယ်။ တိုက်ရိုက်ပေးပို့မှုတွေလုပ်မယ်။ ဒီနည်းစနစ်က လာမယ့်ပွဲစဉ်တွေမှာလည်း ရလဒ်ကောင်းတွေကို ဆောင်ကျဉ်းပေးဦးမှာပါ"ဟု ဗယ်လက်ကာနိုနှင့်ပွဲအပြီးတွင် ပြောကြားခဲ့သည်။

## Shorts

❒ ဗလင်စီယာအသင်းဂိုးသမား ဒီယေဂိုအဲဗတ်စ်က ဘာစီလိုနာအသင်းသို့ပြောင်းရွှေ့ရန် စိတ်ဝင်စားကြောင်း ဝန်ခံခဲ့သည်။ ဒီယေဂိုအဲဗတ်စ်က "ဘာစီလိုနာမှာမကစားချင်တဲ့သူဘယ်သူရှိမှာလဲ။ ဒါပေမဲ့ လက်ရှိအချိန်မှာ ဘာစီလိုနာနဲ့သတင်းတွေက ကောလာဟလပဲရှိပါသေးတယ်"ဟု ဆိုခဲ့သည်။

❒ မာလာဂါအသင်းနည်းပြ ဘန်ရှူးစတားက ပြီးခဲ့သည့်စနေနေ့ကကစားခဲ့သည့် ဆိုစီဒက်နှင့်ပွဲစဉ်တွင် ရရှိခဲ့သည့်သရေရလဒ်ကို ကျေနပ်မိကြောင်း ပြောကြားခဲ့သည်။ ဘန်ရှူးစတားက "ကျွန်တော်တို့အသင်းရခဲ့တဲ့ အခွင့်အရေးတွေအသုံးမချနိုင်ခဲ့ပါဘူး။ ဒါပေမဲ့ နှစ်သင်းစလုံးမှာ အနိုင်ရဖို့အခွင့်အလမ်းဆတူရှိခဲ့ပါတယ်"ဟု ပြောကြားခဲ့သည်။

❒ ရီးယဲလ်ဆိုစီဒက်အသင်းသည် ဘာစီလိုနာအသင်းမှ လူငယ်ကွင်းလယ်လူဒေါ်ဆန်းတို့စ်အား ခေါ်ယူရန်ကြိုးစားသွားမည်ဖြစ်ကြောင်း သိရသည်။ အသက်(၂၃)နှစ်အရွယ်ဒေါ်ဆန်းတို့စ်အား ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့တည်းက ဆိုစီဒက်အသင်းက ကြိုးစားခဲ့ခြင်းလည်းဖြစ်သည်။

❒ ရီးယဲလ်အသင်းတိုက်စစ်မှူးဟောင်း ရော်နယ်လ်ဒိုက ဘေးလ်အတွက် ယူရိုသန်း(၁၀၀)ပေးခဲ့ရခြင်းမှာ ထိုက်တန်ကြောင်း ပြောကြားခဲ့သည်။ ဘေးလ်ရောက်ရှိလာခြင်းအတွက် ရီးယဲလ်ပရိသတ်များပျော်ရွှင်နေမည်မှာသေချာကြောင်း ပြောကြားခဲ့သည်။

## အင်နီယေစတာအားလစာတိုးပေး၍စာချုပ်သစ်ချုပ်ရန် ဘာကာစီစဉ်

ဘာစီလိုနာအသင်းသည် အဓိကကွင်းလယ်လူအင်နီယေစတာအား လစာတိုးပေးရန် စာချုပ်သစ်ချုပ်ဆိုရန်စီစဉ်နေကြောင်း စပိန်သတင်းစာ Marca မှဖော်ပြခဲ့သည်။ ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ဘာစီလိုနာအသင်း၏ တစ်နှစ်လစာယူရို(၁၂)သန်းနှင့် အပိုဆုကြေးယူရို(၃)သန်း စုစုပေါင်းယူရို(၁၅)သန်းဖြင့် ကမ်းလှမ်းခဲ့သော်လည်း အင်နီယေစတာက ငြင်းဆန်ခဲ့ကြောင်း သိရသည်။ ယခုအခါ ဘာစီလိုနာအသင်းက ယူရို(၅)သန်းထပ်တိုးပေးကာ တစ်နှစ်လစာယူရို(၁၇)သန်းဖြင့်ကမ်းလှမ်းခဲ့ပြီး သဘောတူညီရန်နီးစပ်နေသည်။

## Nike နှင့်ပေါင်သန်း(၄၀)တန်စာချုပ်ချုပ်ရန် စီရော်နယ်လ်ဒိုနီးစပ်

ရီးယဲလ်မက်ဒရစ်အသင်းတောင်ပံကစားသမား စီရော်နယ်လ်ဒိုသည် အမေရိကန်အားကစားပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီ Nike နှင့် ပေါင်သန်း(၄၀)တန်စပွန်ဆာစာချုပ်ချုပ်ဆိုရန်နီးစပ်နေကြောင်း သိရသည်။ ပြီးခဲ့သည့်တစ်ပတ်ကမှ အသင်းနှင့်(၅)နှစ်စာချုပ်သက်တမ်းတိုးခဲ့ပြီး တစ်ပတ်လစာပေါင်(၂၈၅၀၀၀)ဖြင့် ကမ္ဘာ့လစာအများဆုံးရရှိသူဖြစ်လာသူ စီရော်နယ်လ်ဒိုသည် Nike နှင့်လက်ရှိချုပ်ဆိုထားသောစာချုပ်အရ တစ်နှစ်ပေါင်(၅)သန်းရရှိနေသူဖြစ်ပြီး ယခုအခါတစ်နှစ်ပေါင်(၈)သန်းဖြင့် (၅)နှစ်ချုပ်ဆိုသွားဖွယ်ရှိနေသည်။

## လာလီဂါအသင်းများ၏ကစားသမားများအတွက်ပေးချေရသည့်လစာပမာဏကို LFP ထုတ်ပြန်

စပိန်ဘောလုံးလိဂ်အဖွဲ့ချုပ် (LFP) သည် လာလီဂါအသင်းများ၏ ကစားသမားများအတွက် ပေးချေရသည့်လစာငွေပမာဏကိုထုတ်ပြန်ကြေညာခဲ့ရာ ထိပ်သီး(၂)သင်းဖြစ်သည့် ဘာစီလိုနာနှင့်ရီးယဲလ်အသင်းတို့မှာ ယူရိုသန်း(၁၉၀)နှင့် သန်း(၂၀၀)နီးပါးအကြား သုံးစွဲထားကာ ငွေကြေးသုံးစွဲမှုအများဆုံးအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်းသိရသည်။

ရီးယဲလ်နှင့် ဘာစီလိုနာတို့၏ နောက်တွင် အက်သလက်တီကိုအသင်းက တတိယနေရာ၌ရပ်တည်နေပြီး ယူရို(၆၅)သန်းမှ ယူရို(၆၇)သန်းအထိရှိခဲ့သည်။ ယခုနှစ်ရာသီတွင် လာလီဂါအသင်းများ၏ ကစားသမားအား လစာငွေပေးချေခဲ့ရသည့် ပမာဏမှာ ယူရိုသန်း(၆၆၀)ရှိခဲ့သော်လည်း ယမန်နှစ်ကထက်(၁၂)ရာခိုင်နှုန်းနည်းပါးခဲ့ပြီး ပြီးခဲ့သည့် ၂၀၁၂-၁၃ ရာသီကမူ စုစုပေါင်းယူရိုသန်း(၇၅၀)အထိရှိခဲ့သည်။ ယင်းကဲ့သို့ကစားသမားများအတွက် လစာငွေအသုံးပြုမှုရာခိုင်နှုန်းကျဆင်းခဲ့သော်လည်း ရီးယဲလ်နှင့် ဘာစီလိုနာအသင်းတို့သုံးစွဲသည့် ပမာဏမှာမူ ပြောင်းလဲခြင်းမရှိခဲ့ဘဲ အခြားအသင်းများ၏ အသုံးစရိတ်များသာ လျော့နည်းသွားခဲ့ခြင်းဖြစ်ပြီး ၎င်းတို့၏အဓိက ကစားသမားများ အသင်းမှထွက်ခွာသွားခဲ့ခြင်းကြောင့် ယခုကဲ့သို့ အသုံးစရိတ်လျော့နည်းခဲ့ရခြင်းဖြစ်ကြောင်းလည်း သိရသည်။

LFP မှ အထွေထွေဒါရိုက်တာဖြစ်သူ ဂျာဗီယာဂိုးမက်ဇ်က "ကျွန်တော်တို့လိဂ်ပြိုင်ပွဲက အကောင်းဆုံးကစားသမားတွေ တခြားကိုပြောင်းရွှေ့သွားတဲ့အတွက် စိတ်မကောင်းဖြစ်ရပေမယ့် အခြားတစ်ဖက်မှာတော့ ကျွန်တော်တို့ ဆက်လက်ရှင်သန်ဖို့ ဒါဟာတစ်ခုတည်းသော နည်းလမ်းပါပဲ"ဟု ဆိုခဲ့သည်။



ကမ္ဘာ့လစာငွေအများဆုံးစီရော်နယ်လ်ဒို(ယာ)နှင့် ဒုတိယလစာအများဆုံးမက်ဆီ(ဝဲ)

 First Eleven Sports Journal Vol:14 No.17 26, September, 2013

# အာရှအမျိုးသားဘော်လီဘောပြိုင်ပွဲ မြန်မာဝင်မည်

၂၀၁၃ အာရှအမျိုးသားဘော်လီဘောပြိုင်ပွဲ(2013 Asian Men's Volleyball Championship)ကို ယူအေအီးနိုင်ငံ၊ ဒူဘိုင်းမြို့တွင် လာမည့်စက်တင်ဘာ(၂၈)ရက်မှအောက်တိုဘာ(၆)ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ရာ ယင်းပြိုင်ပွဲကို မြန်မာအမျိုးသားဘော်လီဘောအသင်းဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာဘော်လီဘောအသင်းသည် ယင်းပြိုင်ပွဲတွင် Pool (B)၌ ဩစတြေးလျ၊ ဘာရိန်းအသင်းတို့နှင့် ကျရောက်နေလျက်ရှိပြီး ပြိုင်ပွဲဝင်ရန်အတွက် လာမည့်စက်တင်ဘာ(၂၆)ရက်တွင်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ ပြိုင်ပွဲကို နိုင်ငံပေါင်း(၂၄)နိုင်ငံမှအသင်းများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး (၃)သင်း၊ (၈)အုပ်စုခွဲကာ ကစားစေမည်ဖြစ်ကြောင်းသိရသည်။ မြန်မာဘော်လီဘောအသင်းသည် အုပ်စုအဖွင့်ပွဲစဉ်အဖြစ် စက်တင်ဘာ(၂၈)ရက်တွင်ဘာရိန်းအသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

Pool(B) - မြန်မာ၊ ဩစတြေးလျ၊ ဘာရိန်း

| | |
|---|---|
| ၂၈-၉-၁၃ | မြန်မာ - ဘာရိန်း |
| ၂၉-၉-၁၃ | ဩစတြေးလျ - ဘာရိန်း |
| ၃၀-၉-၁၃ | မြန်မာ - ဩစတြေးလျ |

အုပ်ချုပ်သူ - ဦးသိန်းဝင်း၊ နည်းပြ - ဆတ်သိန်(ဘရာဇီး) ဦးညီညီလွင် ကစားသမားများ - ကျော်ကျော်ထွေး၊ တင်မောင်ထွေး၊ အောင်သူ၊ ဝင်းထွန်းဦး၊ ပိုင်သာ၊ ဇော်မျိုး၊ ကျော်စွာဝင်း၊ ရဲရင့်ထွန်း၊ မိုးညီလေး၊ နိုင်ဆေး၊ နီကို၊ သွင်းထူးလင်း၊ အောင်မြတ်ဘုန်း၊ ဂိုင် - ဦးမြိုးသူအောင်၊ ဆေးကုသ - ဦးသန်းထွေး




မြန်မာအမျိုးသားဘော်လီဘောကစားသမားများ လေ့ကျင့်နေစဉ်(ဓာတ်ပုံ - သက်ထွန်းအောင်)

## မြန်မာယူ-၂၃ အသင်း နေပြည်တော်၌ လေ့ကျင့်မည်

ဆီးဂိမ်းစ်ပြိုင်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် မြန်မာယူ-၂၃ ဘောလုံးအသင်းသည် လာမည့်အောက်တိုဘာ(၅)ရက်မှ(၁၂)ရက်အထိ နေပြည်တော်ရှိ ဇေယျာသိဒ္ဓိကွင်းသို့သွားရောက်၍ လေ့ကျင့်မည်ဖြစ်ကြောင်း သိရသည်။ မြန်မာယူ-၂၃ အသင်းသည် ပြီးခဲ့သည့်စက်တင်ဘာ(၁၉)ရက်မှစ၍ ပဏာမကစားသမား(၂၆)ဦးဖြင့် လေ့ကျင့်မှုများပြုလုပ်နေလျက်ရှိသည်။

## အာရှအမျိုးသမီးဘော်လီဘောပြိုင်ပွဲကို မြန်မာဝင်ရောက်

၂၀၁၃ အာရှအမျိုးသမီးဘော်လီဘောပြိုင်ပွဲကို ထိုင်းနိုင်ငံတွင်ပြီးခဲ့သည့်စက်တင်ဘာ(၁၃)ရက်မှ(၂၁)ရက်အထိကျင်းပခဲ့ရာ ယင်းပြိုင်ပွဲကို မြန်မာအမျိုးသမီးဘော်လီဘောအသင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ ပြိုင်ပွဲတွင် မြန်မာအသင်းမှာ အဆင့်(၁၆)နေရာ၌ ရပ်တည်ခဲ့သည်။

## မြန်မာနပန်းအဖွဲ့ ကမ္ဘောဒီးယား၌ လေ့ကျင့်မည်

ဆီးဂိမ်းစ်ပြိုင်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် မြန်မာနပန်းအားကစားအဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံသို့ လာမည့်စက်တင်ဘာ(၂၅)ရက်မှ အောက်တိုဘာ(၂)ရက်အထိ သွားရောက်နေထိုင်လေ့ကျင့်မည်ဖြစ်ကြောင်း သိရသည်။ မြန်မာနပန်းအဖွဲ့တွင် ကစားသမား(၁၁)ဦး လိုက်ပါသွားမည်ဖြစ်သည်။

## မြားပစ်ပြိုင်ပွဲတွင် ဆီးဂိမ်းစ်စံချိန်သစ် (၃)ခုရရှိ

စက်တင်ဘာလအတွက် မြားပစ်လက်ရည်စစ်ပြိုင်ပွဲကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိမြားပစ်ကွင်းတွင် ပြီးခဲ့သည့်စက်တင်ဘာ(၁၈၊ ၁၉)ရက်များက ကျင်းပပြုလုပ်ခဲ့ရာ ဆီးဂိမ်းစ်စံချိန်သစ်(၃)ခုရရှိခဲ့ကြောင်း သိရသည်။ ယင်းစံချိန်များကို အောင်ငိုမ်း၊ ဇော်ဝင်းထိုက်+သင်းသင်းခိုင်၊ အောင်မျိုးသူ+ဇာခြည်ဝင်း တို့ကရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

AFC U-16 CHAMPIONSHIP

# ၂၀၁၄ အာရှယူ-၁၆ ဘောလုံးပြိုင်ပွဲခြေစစ်ပွဲဝင် မြန်မာလူငယ်အသင်း အုပ်စုအဖွင့်ပွဲစဉ်အဖြစ် စက်တင်ဘာ(၂၅)ရက်တွင် မြောက်ကိုရီးယားနှင့်ကစားရမည်

အာရှဘောလုံးအဖွဲ့ချုပ်(AFC)ကကြီးမှူး၍ ၂၀၁၄ အာရှယူ-၁၆ ဘောလုံးပြိုင်ပွဲခြေစစ်ပွဲ(2014 AFC U-16 Championship qualification)ကို ကျင်းပပြုလုပ်နေလျက်ရှိရာ ယင်းခြေစစ်ပွဲကို မြန်မာယူ-၁၆ လူငယ်အသင်းဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ မြန်မာယူ-၁၆ လူငယ်အသင်းသည် ယင်းခြေစစ်ပွဲတွင် အုပ်စု(ဈ)၌ အိမ်ရှင် တရုတ်၊ မြောက်ကိုရီးယား၊ မြောက်မာရီယာနာကျွန်းစု အသင်းများနှင့်ကျရောက်နေလျက်ရှိသည်။ မြန်မာယူ-၁၆ လူငယ်အသင်းသည် အုပ်စုအဖွင့်ပွဲစဉ်အဖြစ် လာမည့်စက်တင်ဘာ(၂၅)ရက်တွင် မြောက်ကိုရီးယားအသင်းနှင့်စတင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

အုပ်စု(ဈ)ပွဲစဉ်များကို တရုတ်နိုင်ငံ၊ ဝူဟန်(Wuhan)မြို့တွင် လာမည့်စက်တင်ဘာ(၂၅)ရက်မှ(၂၉)ရက်အထိကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ AFC သည် ခြေစစ်ပွဲဝင်အသင်း(၄၃)သင်းကို အုပ်စု(၁၀)ခုခွဲကာ ကျင်းပသွားမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံး(၁၀)သင်းနှင့်အကောင်းဆုံးအုပ်စုဒုတိယ ရ(၅)သင်း(ပေါင်း-၁၅သင်း)တို့ကို ခြေစစ်ပွဲအောင်မြင်စေမည်ဖြစ်ကာအိမ်ရှင်ထိုင်းအသင်းနှင့်ပေါင်း၍ကစားစေမည်ဖြစ်သည်။

**အုပ်စု(ဈ)ပွဲစဉ်များ**

| | | |
|---|---|---|
| ၂၅-၉-၁၃ | မြန်မာ - မြောက်ကိုရီးယား | |
| | တရုတ် - မြောက်မာရီယာနာ | |
| ၂၇-၉-၁၃ | မြောက်ကိုရီးယား - မြောက်မာရီယာနာ | |
| | မြန်မာ - တရုတ် | |
| ၂၉-၉-၁၃ | မြန်မာ - မြောက်မာရီယာနာ | |
| | တရုတ် - မြောက်ကိုရီးယား | |

**၂၀၁၄ အာရှယူ-၁၆ ခြေစစ်ပွဲဝင် အသင်းများ**

| | |
|---|---|
| အုပ်စု(က) - လက်ဘနွန်၊ အိန္ဒိယ၊ တာဂျစ်ကစ္စတန်၊ ကူဝိတ်၊ ဘူတန် | အုပ်စု(စ) - အီရန်၊ ကာတာ၊ ကာဂျစ္စတန်၊ ဘင်္ဂလားဒေ့ရှ် |
| အုပ်စု(ခ) - ဥဇဘက်ကစ္စတန်၊ ယီမင်၊ ပါလက်စတိုင်း၊ မော်လ်ဒိုက်ဗ် | အုပ်စု(ဆ) - တရုတ်(တိုင်ပေ)၊ ဟောင်ကောင်၊ စင်ကာပူ၊ ဩစတြေးလျ၊ မကာအို |
| အုပ်စု(ဂ) - အီရတ်၊ ဘာရိန်း၊ နီပေါ၊ တာ့ခ်မင်နစ္စတန် | အုပ်စု(ဇ) - တောင်ကိုရီးယား၊ မလေးရှား၊ လာအို၊ ဘရူနိုင်း၊ ဂူအမ် |
| အုပ်စု(ဃ) - ဆီးရီးယား၊ ဆော်ဒီအာရေဗျ၊ ကျော်ဒန်၊ အာဖဂန်နစ္စတန် | အုပ်စု(ဈ) - တရုတ်၊ မြောက်ကိုရီးယား၊ မြန်မာ၊ မြောက်မာရီယာနာကျွန်းစု |
| အုပ်စု(င) - အိုမန်၊ ယူအေအီး၊ ပါကစ္စတန်၊ သီရိလင်္ကာ | အုပ်စု(ည) - ဂျပန်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ဖိလစ်ပိုင် |



ပြီးခဲ့သည့်ဩဂုတ်လအတွင်း မြန်မာနိုင်ငံကအိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် ၂၀၁၃ အာဆီယံယူ-၁၆ ပြိုင်ပွဲကိုဝင်ရောက်ယှဉ်ပြိုင်ခဲ့စဉ်ကတွေ့ရသည့် မြန်မာယူ-၁၆ လူငယ်အသင်း(ဓာတ်ပုံ - ညီညီနိုးသွန်)

First Eleven Sports Journal Vol:14 No.17 26, September, 2013

SERIE A TIM

SERIE-A WEEK 5

စီးရီးအေကြားရက်ပွဲတွေက အသင်းကြီးအချို့အတွက်ခက်ခဲနိုင်တယ်လို့ ဆိုနိုင်ပါတယ်။ အထူးသဖြင့် အဝေးကွင်းသွားကစားရမယ့် အေစီမီလန်၊ ဂျူဗင်တပ်စ်တို့အတွက် သတိထားရမယ့်အနေအထားဖြစ်နေတာပါ။ အေစီမီလန်က ရန်းကန်နေရတဲ့ အနေအထားမျိုးမှာ အိမ်ကွင်းမာကျေတဲ့ ဘိုလော့ဂ်နာအသင်းကို အနိုင်ရဖို့ ရုန်းကန်ရမှာဖြစ်ပြီး ချီယေဗိုကွင်းမှာ ကစားရမယ့် ဂျူဗင်တပ်စ်အသင်းကလည်း အနိုင်ရသင့်တယ်ဆိုပေမယ့် ဂိုးအများကြီး မြင်ရဖို့တော့ မရှိပါဘူး။ အကောင်းဆုံးပွဲဖြစ်လာနိုင်တာက အင်တာမီလန်-ဖီအိုရင်တီးနားပွဲဖြစ်လာနိုင်ပြီး ရလဒ်တွေကောင်းနေတဲ့ အင်တာမီလန်အတွက် အကောင်းဆုံးအစမ်းသပ်ခံမယ့်ပွဲလို့လည်း ဆိုနိုင်ပါတယ်။ လာဇီယို၊ နာပိုလီ၊ အူဒီးနီးစ်စတဲ့ အသင်းတွေက အိမ်ကွင်းမှာ နိုင်ပွဲသေချာပေါက်ရမယ့် ရက်သတ္တပတ်ပဲဖြစ်ပါတယ်။။

# အဝေးကွင်းမှာ ဂျူဗင်တပ်စ်နဲ့ အေစီမီလန်ကို သတိထားရမယ်



နည်းပြမက်ဇာရီလက်ထက်တွင် ရာသီအစ ရလဒ်ကောင်းများရရှိနေသည့် အင်တာမီလန်အသင်း ပြီးခဲ့သည့်ရာသီက ဖီအိုရင်တီးနားအသင်းနှင့် ဆုံတွေ့ခဲ့စဉ်

## ချီယေဗို နှင့် ဂျူဗင်တပ်စ်

| ချီယေဗို | နောက်ဆုံး(၄)ပွဲ | ဂျူဗင်တပ်စ် | |
|---|---|---|---|
| အမ်ပိုလီ | W(H) (2-0) | လာဇီယို | W(L) (4-0) |
| ပါးမား | D(A) (0-0) | ဆမ်ဒိုးရီးယား | W(A) (1-0) |
| နာပိုလီ | L(H) (2-4) | လာဇီယို | W(H) (4-1) |
| လာဇီယို | L(A) (0-3) | အင်တာမီလန် | D(A) (1-1) |

ချီယေဗိုအသင်းရဲ့ ခြေစွမ်းက အားရစရာမရှိပါဘူး။ ပုံမှန်ခြေစွမ်းရှိရင်တောင် ဂျူဗင်တပ်စ်လိုအသင်းမျိုးကို ယှဉ်နိုင်ဖို့ မလွယ်လို့ ဒီလိုအနေအထားမှာတော့ အိမ်ကွင်းဖြစ်နေတယ်ဆိုဦးတော့ ခံပိတ်ကစားသွားဖို့ပဲ ရှိပါတယ်။ ဂျူဗင်တပ်စ် (၀-၂) ဂိုးလောက်ဖြစ်သွားမယ်။

## ဘိုလော့ဂ်နာ နှင့် အေစီမီလန်

| ဘိုလော့ဂ်နာ | နောက်ဆုံး(၄)ပွဲ | အေစီမီလန် | |
|---|---|---|---|
| ဘရက်စီယာ | W(H) (1-0) | ဗီရိုနာ | L(A) (1-2) |
| နာပိုလီ | L(A) (0-3) | PSV | W(H) (3-0) |
| ဆမ်ဒိုးရီးယား | D(H) (2-2) | ကာဂလီယာရီ | W(H) (3-1) |
| အူဒီးနီးစ် | D(A) (1-1) | တိုရီနို | D(A) (2-2) |

ဘိုလော့ဂ်နာအသင်းက အစဉ်အလာပိုင်းအရ အိမ်ကွင်းမှာတောင် အေစီမီလန်ကိုယှဉ်နိုင်လေ့မရှိတာတွေ့ရပါတယ်။ ဒါပေမဲ့ ဒီနှစ်အေစီမီလန်အသင်းက ဥရောပမှာသာရလဒ်ကောင်းပေမယ့် စီးရီးအေမှာ ခြေစွမ်းရော ရလဒ်ပါကျဆင်းနေတာကိုတွေ့ရပါတယ်။ ဘိုလော့ဂ်နာအိမ်ကွင်းဖြစ်နေတာကြောင့်လည်း ဒီပွဲကသရေကျသွားနိုင်ပါတယ်။

## ဆမ်ဒိုးရီးယား နှင့် ရိုးမား

| ဆမ်ဒိုးရီးယား | နောက်ဆုံး(၄)ပွဲ | ရိုးမား | |
|---|---|---|---|
| ဘင်နီဗင်တို | W(H) (2-0) | အရစ် | W(A) (2-1) |
| ဂျူဗင်တပ်စ် | L(H) (0-1) | တာနာနာ | W(A) (2-1) |
| ဘိုလော့ဂ်နာ | D(A) (2-2) | လီဗော်နို | W(A) (2-0) |
| ဂျီနိုအာ | L(H) (0-3) | ပါးမား | W(A) (3-0) |

နိုင်ပွဲဆက်နေတဲ့ ရိုးမားနဲ့ ရလဒ်ပိုင်းကျဆင်းနေတဲ့ ဆမ်ဒိုးရီးယားတို့ ခြေစွမ်းချင်းကွာပါတယ်။ ကီဗင်စထရုမန်းနဲ့ ယာနစ်တို့ရဲ့ ကွင်းလယ်က ခံစစ်ကိုကူတဲ့အပိုင်းမှာရော တိုက်စစ်လမ်းကြောင်းတွေမှာပါ အတော်လေးကောင်းမွန်ပါတယ်။ ဆမ်ဒိုးရီးယားကွင်းဆိုပေမယ့် ရိုးမားအနိုင်ဆုံးသရေပါပဲ။

## အင်တာမီလန် နှင့် ဖီအိုရင်တီးနား

နောက်ဆုံး(၅)ပွဲအခြေအနေ

| အင်တာမီလန် | | ဖီအိုရင်တီးနား | |
|---|---|---|---|
| ဆီတာဒယ်လာ | W(H) (4-0) | ကာတာနီယာ | W(H) (2-1) |
| ဂျီနိုအာ | W(H) (2-0) | ဂရက်စ်ဟော့ပါး | L(H) (0-1) |
| ကာတာနီယာ | W(A) (3-0) | ဂျီနိုအာ | W(A) (5-2) |
| ဂျူဗင်တပ်စ် | D(H) (1-1) | ကာဂလီယာရီ | D(H) (1-1) |

၂၀၀၇ ခုနှစ်နောက်ပိုင်း အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

| | | | |
|---|---|---|---|
| ၂၀၀၉-၁၀ | အင်တာမီလန် | ၁-၀ | ဖီအိုရင်တီးနား |
| ၂၀၁၀-၁၁ | အင်တာမီလန် | ၃-၁ | ဖီအိုရင်တီးနား |
| ၂၀၁၁-၁၂ | အင်တာမီလန် | ၂-၀ | ဖီအိုရင်တီးနား |
| ၂၀၁၂-၁၃ | အင်တာမီလန် | ၂-၁ | ဖီအိုရင်တီးနား |

အင်တာမီလန်က ရာသီအစမှာ အိမ်ကွင်းပွဲစဉ်တွေဆက်တိုက်ကစားနေရတယ်။ ဒီပွဲက ဒီရာသီပွဲစဉ်(၄)ပွဲမှာ (၃)ပွဲမြောက်အိမ်ကွင်းပွဲစဉ်ဖြစ်ပါတယ်။ လက်ရှိခြေစွမ်းအရဆိုရင် အင်တာမီလန်ရော ဖီအိုရင်တီးနားပါ အားရစရာပုံစံမှာရှိနေပါတယ်။ အထူးသဖြင့် အရည်အသွေးနိမ့်ကျလာတဲ့ အင်တာမီလန်အသင်းလူစာရင်းက နည်းပြ မက်ဇာရီရဲ့ လက်အောက်မှာတော့ စုစည်းမှုကောင်းကောင်းနဲ့ အားရစရာအနေအထားကို တွေ့လာရပါတယ်။ ဖီအိုရင်တီးနားကတော့ မာရီယိုဂိုးမက်ဇ်ဒဏ်ရာရသွားတာ နစ်နာပြီး တိုက်စစ်မှာ ရော့ဆီတစ်ဦးတည်း ရုန်းကန်ရတော့မှာပါ။ ယူရိုပါလိဂ်ကြားပွဲမှာ ဂိုးမက်ဇ်မပါပဲဂိုးပြတ်နိုင်ခဲ့တယ်ဆိုပေမယ့် ဒီလိုပွဲကြီးတွေမှာတော့ ထိပ်တန်းတိုက်စစ်မှူးတစ်ဦးမပါတာ နစ်နာပါတယ်။ ပွဲက အားမျှတဲ့အခြေအနေမှာရှိပြီး၊ အင်တာမီလန်အပြန်အလှန်ဂိုးတွေနဲ့ ကပ်နိုင်သွားမှာပါ။

## စီးရီးအေ ပွဲစဉ်(၆)

၂၈/၂၉/၃၀/၁-၉/၁၀-၂၀၁၃

| | | |
|---|---|---|
| ဂျီနိုအာ | - | နာပိုလီ |
| အေစီမီလန် | - | ဆမ်ဒိုးရီးယား |
| တိုရီနို | - | ဂျူဗင်တပ်စ် |
| အတ္တလန်တာ | - | အူဒီးနီးစ် |
| ကာဂလီယာရီ | - | အင်တာမီလန် |
| ကတာနီယာ | - | ချီယေဗို |
| ဗီရိုနာ | - | လီဗော်နို |
| ဆာဆူအိုလို | - | လာဇီယို |
| ရိုးမား | - | ဘိုလော့ဂ်နာ |
| ဖီအိုရင်တီးနား | - | ပါးမား |

## လာဇီယို နှင့် ကာတာနီယာ

| လာဇီယို | နောက်ဆုံး(၄)ပွဲ | ကာတာနီယာ | |
|---|---|---|---|
| ဂျူဗင်တပ်စ် | L(N) (0-4) | တိုရီနို | D(A) (2-2) |
| အူဒီးနီးစ် | W(H) (2-1) | ဖီအိုရင်တီးနား | L(A) (1-2) |
| ဂျူဗင်တပ်စ် | L(A) (1-4) | အင်တာမီလန် | L(H) (0-3) |
| ချီယေဗို | W(H) (3-0) | လီဗော်နို | L(A) (0-2) |

လာဇီယိုအသင်းက အိမ်ကွင်းမှာ ကစားအားကောင်းပါတယ်။ ကာတာနီယာအသင်းကလည်း ရှုံးပွဲတွေဆက်နေပြီး အဝေးကွင်းရလဒ်ကလည်း လုံးဝအားရစရာမရှိပါဘူး။ လာဇီယိုအနိုင်သေချာပြီး အပြန်အလှန်ဂိုးတွေလည်း များနိုင်ပါတယ်။

## အူဒီးနီးစ် နှင့် ဂျီနိုအာ

| အူဒီးနီးစ် | နောက်ဆုံး(၄)ပွဲ | ဂျီနိုအာ | |
|---|---|---|---|
| လာဇီယို | L(A) (1-2) | စပီဇီယာ | D(A) (2-2) |
| လီဘာရက် | D(A) (1-1) | အင်တာမီလန် | L(A) (0-2) |
| ပါးမား | W(H) (3-1) | ဖီအိုရင်တီးနား | L(H) (2-5) |
| ဘိုလော့ဂ်နာ | D(H) (1-1) | ဆမ်ဒိုးရီးယား | W(A) (3-0) |

အူဒီးနီးစ်ရော၊ ဂျီနိုအာပါ ရလဒ်တွေသိပ်မကောင်းပါဘူး။ ဒါပေမဲ့ ဂျီနိုအာကတော့ နောက်ဆုံးကစားခဲ့တဲ့ပွဲမှာ ဒါဘီပြိုင်ဘက် ဆမ်ဒိုးရီးယားကို အဝေးကွင်းဂိုးပြတ်နိုင်ပွဲရရှိခဲ့ပါတယ်။ ဒီပွဲတော့အူဒီးနီးစ်နိုင်ပွဲပြန်ရှာမှာဖြစ်ပြီး ဂိုးနည်းဖို့များပါတယ်။

## တိုရီနို နှင့် ဗီရိုနာ

| တိုရီနို | နောက်ဆုံး(၄)ပွဲ | ဗီရိုနာ | |
|---|---|---|---|
| ပက်စ်ကာရာ | L(H) (1-2) | ပါလာမို | W(A) (1-0) |
| ဆာဆူအိုလို | W(H) (2-0) | အေစီမီလန် | W(H) (2-1) |
| အတ္တလန်တာ | L(A) (0-2) | ရိုးမား | L(A) (0-3) |
| အေစီမီလန် | D(H) (2-2) | ဆာဆူအိုလို | W(H) (2-0) |

တိုရီနိုက အိမ်ကွင်းမှာ ပုံစံကောင်းပြလေ့ရှိပြီး၊ ဆာဆူအိုလိုကိုနိုင်၊ အေစီမီလန်ကို သရေကစားထားပါတယ်။ ဗီရိုနာကလည်း အိမ်ကွင်းမှာ ကစားပုံကောင်းပေမဲ့ အဝေးကွင်းမှာတော့ သာမန်ခြေစွမ်းပါပဲ။ တိုရီနိုရဲ့ အိမ်ကွင်းကစားအားကြောင့် ဗီရိုနာသရေတောင်ရဖို့မလွယ်ပါဘူး။

## နာပိုလီ နှင့် ဆာဆူအိုလို

| နာပိုလီ | နောက်ဆုံး(၄)ပွဲ | ဆာဆူအိုလို | |
|---|---|---|---|
| ခီဆီနာ | L(A) (0-1) | နိုတရာ | W(A) (3-1) |
| ဘိုလော့ဂ်နာ | W(H) (3-0) | တိုရီနို | L(A) (0-2) |
| ချီယေဗို | W(A) (4-2) | လီဗော်နို | L(H) (1-4) |
| အတ္တလန်တာ | W(H) (2-0) | ဗီရိုနာ | L(A) (0-2) |

နာပိုလီအသင်းရဲ့ တိုက်စစ်အင်အားနဲ့ ဆာဆူအိုလိုရဲ့ စိတ်ပျက်စရာခံစစ် တွေ့တဲ့ပွဲက ကြည့်ကောင်းဖို့တောင် မရှိပါဘူး။ နာပိုလီက နောက်ပိုင်းနှစ်တွေမှာ အကောင်းဆုံးအသင်းကိုပိုင်ဆိုင်ထားနေပါတယ်။ နာပိုလီအိမ်ကွင်းမှာ (၃)ဂိုးလောက်သွင်းမှာပါ။

## ပါးမား နှင့် အတ္တလန်တာ

| ပါးမား | နောက်ဆုံး(၄)ပွဲ | အတ္တလန်တာ | |
|---|---|---|---|
| လက်ချီ | W(H) (4-0) | ဘာရီ | W(H) (3-0) |
| ချီယေဗို | D(H) (0-0) | ကာဂလီယာရီ | L(A) (1-2) |
| အူဒီးနီးစ် | L(A) (1-3) | တိုရီနို | W(H) (2-0) |
| ရိုးမား | L(H) (0-3) | နာပိုလီ | L(A) (0-2) |

ပါးမားက ဒီရာသီမှာ ခြေစွမ်းပိုင်းအတော်လေးကျဆင်းနေပါတယ်။ မနှစ်ကတိုက်စစ်ပိုင်းမျိုးမတွေ့ရပဲ ဂိုးရဖို့တောင် အတော်လေးရုန်းကန်နေရပါတယ်။ အတ္တလန်တာကတော့ ပုံမှန်ခြေစွမ်းရှိပြီး၊ ကစားပုံမဆိုးပါဘူး။ ပါးမားနိုင်ပွဲရှာရမယ့်အချိန်ဆိုပေမယ့် အတ္တလန်တာကိုပဲ ပိုကြိုက်ပါတယ်။

## လီဗော်နို နှင့် ကာဂလီယာရီ

| လီဗော်နို | နောက်ဆုံး(၄)ပွဲ | ကာဂလီယာရီ | |
|---|---|---|---|
| ဆီနာ | L(H) (0-1) | ဖရိုစီနိုနီ | D(H) (1-1) |
| ရိုးမား | L(H) (0-2) | အတ္တလန်တာ | W(H) (2-1) |
| ဆာဆူအိုလို | W(A) (4-1) | အေစီမီလန် | L(A) (1-3) |
| ကာတာနီယာ | W(H) (2-0) | ဖီအိုရင်တီးနား | D(A) (1-1) |

လီဗော်နိုက ရာသီအဖွင့်ပွဲတွေမှာ ရှုံးခဲ့ပေမယ့် နောက်ဆုံး(၂)ပွဲမှာတော့ နိုင်ပွဲဆက်ခဲ့ပါတယ်။ ကာဂလီယာရီက လည်း ရလဒ်တွေဆိုးနေတယ်ဆိုပေမယ့် အသင်းကြီးတွေနဲ့ကစားနေရတဲ့ အနေအထားဖြစ်လို့ ခြေစွမ်းညံ့တယ်လို့ မဆိုနိုင်ပါဘူး။ ကာဂလီယာရီသရေနဲ့အနိုင်ပါ။

First Eleven Sports Journal Vol:14 No.17 26, September, 2013

# မော်ရင်ဟိုရဲ့ အခွန်းဆက် စပိန်အမုန်းလေလား

ဆက်ပိုင်

နည်းပြမော်ရင်ဟိုအတွက် ချယ်လ်ဆီးမှာ စပိန်ကစားသမားတွေမလိုအပ်တော့ဘူးလား။ ရှေ့တန်းမှာတောရက်စ်၊ အလယ်တန်းမှာမာတာ၊ နောက်တန်းမှာဆိုရင် အက်ဇ်ပီလီကွယ်တာ။ သူတို့(၃)ယောက်စလုံးကနည်းပြဒီမတ်တီယိုလက်ထက်မှာရော ဘင်နီတက်ဇ်လက်ထက်မှာရောအသင်းအတွက်အရေးပါတဲ့အခန်းကဏ္ဍမှာပါဝင်ခဲ့တဲ့သူတွေချည်းပါပဲ။ အထူးသဖြင့်မာတာဆိုရင် ချယ်လ်ဆီးကွင်းလယ်ရဲ့အဓိကကစားသမားဖြစ်ပြီးပြီးခဲ့တဲ့(၂)ရာသီဆက်ချယ်လ်ဆီးအသင်းရဲ့အကောင်းဆုံးကစားသမားတစ်ယောက်ဖြစ်ပါတယ်။ မော်ရင်ဟိုချယ်လ်ဆီးအသင်းကိုကိုင်တွယ်ချိန်မှာတော့ မာတာကိုအသုံးမပြုတော့ပါဘူး။ နောက်ပြီးတိုက်စစ်မှူးတောရက်စ်လည်း အခုချိန်မှာချယ်လ်ဆီးအသင်းအရန်ကစားသမားတစ်ယောက်အနေနဲ့သာ ပွဲထွက်နေရသူပါ။ အဆိုးဆုံးကတော့နောက်ခံလူအက်ဇ်ပီလီကွယ်တာပါပဲ။သူ့ကိုမော်ရင်ဟိုလုံးဝထုတ်မသုံးခဲ့ပါဘူး။ ဒါတွေဟာဘာကြောင့်လဲဆိုတာကို ပြန်စဉ်းစားကြည့်ရင် မော်ရင်ဟိုရီးယဲလ်ကို ကိုင်တွယ်ခဲ့တဲ့ ကာလတွေကိုသွားပြီးမြင်မိပါတယ်။

## ရီးယဲလ်မှစခဲ့တဲ့ဇာတ်လမ်း

ပြီးခဲ့တဲ့နှစ် ရာသီဝက်လောက်မှာကာဆီးလက်စ်ဒဏ်ရာရခဲ့လို့ ဆီဗီလာအသင်းဂိုးသမားဒီယေဂိုလိုပက်ဇ်ကို အလောတကြီးဝယ်ယူခဲ့တာအားလုံးအသိပါ။ သူ့ကိုယာယီသဘောလောက်ပဲအသုံးပြုမယ်လို့ထင်ထားခဲ့တာပေါ့။ ဒါပေမဲ့ ကာဆီးလက်စ်ပြန်လည်သက်သာလာချိန်မှာတော့ မော်ရင်ဟိုဟာ ဒီယေဂိုလိုပက်ဇ်ကိုပဲဆက်လက်အသုံးပြုခဲ့ပါတယ်။ အဲဒီမှာပဲရီးယဲလ်အသင်းရဲ့အိမ်ရှေ့မင်းသားတစ်ယောက်လိုနေခဲ့ရတဲ့ကာဆီးလက်စ်အတွက် မခံမရပ်နိုင်ဖြစ်ခဲ့ကြတဲ့စပိန်မီဒီယာတွေနဲ့ အသင်းပရိသတ်တွေက မော်ရင်ဟိုကိုပြစ်တင်ဝေဖန်ခဲ့ကြပါတယ်။ မော်ရင်ဟိုဆိုတာလည်း ကိုယ့်ရဲ့အတွေးလောက်ဘယ်အရာကိုမှ တန်ဖိုးမထားတတ်တဲ့သူတစ်ယောက်ဖြစ်နေတာကြောင့် စပိန်မီဒီယာတွေရော အသင်းပရိသတ်တွေနဲ့ပါထိပ်တိုက်ရင်ဆိုင်ခဲ့တာပါ။ ရာမို့စ်အပါအဝင် စပိန်ကစားသမားတချို့ကလည်း မော်ရင်ဟိုကိုဝေဖန်ခဲ့ကြပါတယ်။

## စပိန်ဆန့်ကျင်သူလား

အခုချယ်လ်ဆီးအသင်းမှာဖြစ်နေတဲ့ပြဿနာက မာတာကိုမော်ရင်ဟိုဘာကြောင့်မသုံးရတာလဲဆိုတာပါပဲ။ တကယ်ဆိုရင်မာတာရဲ့စွမ်းဆောင်ရည်နဲ့ခြေစွမ်းဟာ မော်ရင်ဟိုမသုံးနိုင်စရာမရှိပါဘူး။ ဒဏ်ရာပြဿနာလည်းရှိနေသူမဟုတ်ပါဘူး။ ဒါပေမဲ့မော်ရင်ဟိုလက်ထက်ချယ်လ်ဆီးအသင်းအတွက် မာတာပွဲထွက်ခွင့်ရတဲ့အချိန်က (၁၄၅) မိနစ်သာရှိနေတာကတော့ ဘယ်လိုမှမဖြစ်သင့်တဲ့ အနေအထားပါ။ နောက်ပြီးအခုရာသီအစမှာကတည်းက မော်ရင်ဟိုဟာ မာတာထက်အော်စကာကိုသာပိုပြီး ဦးစားပေးအသုံးပြုနေတာ တွေ့ရပါတယ်။ မော်ရင်ဟိုရဲ့ဗျူဟာအောက်မှာ အော်စကာကပိုပြီးအသုံးဝင်မယ်လို့ သုံးသပ်ထားမှုတွေလည်းရှိပါတယ်။ နှစ်ယောက်စလုံးက(No 10 Role) ပုံစံကစားတဲ့ Playmaker တွေပါပဲ။ ဒါပေမဲ့ခံစစ်အထိလိုက်ပါကစားတဲ့နေရာမှာတော့ အော်စကာကမာတာထက် အနည်းငယ်ပိုသာပါတယ်။ မော်ရင်ဟိုကိုယ်တိုင်ကလည်း အတိအလင်းပြောထားတာရှိပါတယ်။ "အခုလက်ရှိအချိန်မှာကျွန်တော့်အတွက်နံပါတ်(၁) Play maker ကစားသမားက အော်စကာပါပဲ။ တခြားသူတွေက ကျွန်တော့်ကို ပြောပါတယ်။ အော်စကာထက်မာတာက ပိုကောင်းတယ်တဲ့။ ဒါကို ကျွန်တော်လုံးဝသဘောမတူပါဘူး" ဆိုပြီးပြောခဲ့တာပါ။

မော်ရင်ဟိုအရင်ကတည်းက အသုံးပြုခဲ့ပြီးအခုလည်းအသုံးပြုနေတဲ့ ကစားကွက်က(၄-၂-၁-၃)ပါ။ ဒီကစားကွက်အရ အသင်းရဲ့ကွင်းလယ်ကိုအဓိကဖန်တီးပေးသူကတစ်ယောက်ပဲလိုတာပါ။ ကွင်းလယ်ခံစစ်နှစ်ယောက်တန်းမှာရာမီရက်စ်၊ မီခေးလ်၊ လမ်းပတ်တို့ရှိနေပါတယ်။ မော်ရင်ဟိုရဲ့ကွင်းလယ်ဖန်တီးမယ့်နေရာအတွက်ဟာဇက်၊ အော်စကာ၊ မာတာ၊ ရှူရာတို့ရှိနေပေမယ့်မော်ရင်ဟိုရဲ့ (၄-၂-၁-၃)ကိုပြန်လှည့်လိုက်ရင်ကစားကွက်က(၄-၂-၃-၁)ဖြစ်သွားပါတယ်။ ဒီနေရာမှာတောင်ပံကစားသမားအတွက်ဟာဇက်နဲ့ရှူရာတို့ကရှိနေပြီးသားဖြစ်ပါတယ်။ ဒါကိုကြည့်ရင်မာတာကို မော်ရင်ဟိုအကြောင်းမဲ့သက်သက်ခေါက်ထားတာလို့ မဆိုနိုင်ပါဘူး။ ဒါပေမဲ့ မာတာထက်နောက်မှရောက်လာတဲ့ ရှူရာကိုနေရာပေးလိုက်တာကတော့ စဉ်းစားစရာပါပဲ။ တိုက်စစ်မှူးနေရာမှာဆိုလည်း တောရက်စ်ရှိနေပေမယ့် မော်ရင်ဟိုက အီတူးကိုထပ်ခေါ်လိုက်တယ်။ နောက်ပိုင်းပွဲတွေမှာလည်း တောရက်စ်ထက် အီတူးကိုပထမပွဲထွက်ကစားသမားအဖြစ်အသုံးပြုတယ်။ နောက်ဆုံးအက်ဇ်ပီလီကွယ်တာကို ပွဲထွက်ခွင့်တောင်မပေးတော့ဘူး။ ဒါတွေဟာဘာကြောင့်လဲ။ ရီးယဲလ်မှာရခဲ့တဲ့ စပိန်အခင်းအကျင်း၊ စပိန်အဖွဲ့အစည်းတွေရဲ့ပြုမူဆက်ဆံခဲ့တာတွေကို အခုချယ်လ်ဆီးမှာ မော်ရင်ဟိုပြန်တုံ့ပြန်နေတာလား။ မော်ရင်ဟိုတကယ်ပဲစပိန်တွေကိုမုန်းနေပြီလား။ ဒါမှမဟုတ် တိုက်ဆိုင်မှုပဲလားဆိုတာကတော့…။



First ELEVEN SPORTS JOURNAL
NO.17 VOLUME 14 26-9-2013 THURSDAY
SUPPLEMENT
အ ချ ပ် ပို

# ပွဲပယ်ပြစ်ဒဏ်ပြည့်မြောက်ခဲ့ပြီဖြစ်သည့် တိုက်စစ်မှူးလူးဝစ်ဆွာရက်ဇ် မန်ယူနှင့်ပွဲလူစာရင်းတွင် ပါဝင်လာမည်ဟု ဘရန်ဒန်ရော်ဂျာအတည်ပြု


Photo : Getty Images

လီဗာပူးလ်နည်းပြ ဘရန်ဒန်ရော်ဂျာက ပွဲပယ်ပြစ်ဒဏ်ပြည့်မြောက်ခဲ့ပြီဖြစ်သည့် တိုက်စစ်မှူးလူးဝစ်ဆွာရက်ဇ်သည် မန်ယူနှင့်လိဂ်ဖလားပွဲကစားမည့် လူစာရင်းတွင် သေချာပေါက်ပါဝင်လာမည်ဟု အတည်ပြုပြောကြားခဲ့သည်။

ဆွာရက်ဇ်သည် ပြီးခဲ့သည့်ဧပြီလက ချယ်လ်ဆီးအသင်းနှင့် (၂-၂)ဂိုးသရေကျခဲ့သည့်ပွဲတွင် ချယ်လ်ဆီးနောက်ခံလူအီဗန်နိုဗစ်၏လက်မောင်းကို ကိုက်ခဲ့သည့်အတွက် (၁၀)ပွဲပယ်ပြစ်ဒဏ် ချမှတ်ခံခဲ့ရခြင်းဖြစ်သည်။ ယင်းပွဲပယ်ကာလမှာ ပြီးခဲ့သည့်ပရီမီးယားလိဂ်ပွဲစဉ်တွင် အဆုံးသတ်သွားခဲ့ခြင်းဖြစ်ပြီး လူးဝစ်ဆွာရက်ဇ်အနေဖြင့်လည်း အသင်းနှင့်အတူ လေ့ကျင့်မှုများပြုလုပ်ကာ လာမည့်ပွဲစဉ်များကို ယှဉ်ပြိုင်ရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း သိရှိရသည်။ မန်ယူနှင့်ပွဲအမီ ပွဲပယ်ပြစ်ဒဏ်မှ လွတ်မြောက်ခဲ့သည့် ဆွာရက်ဇ်၏အခြေအနေနှင့် ပတ်သက်၍ ဘရန်ဒန်ရော်ဂျာက "သူ ကျွန်တော်တို့နဲ့အတူ မန်ချက်စတာကို လိုက်ပါလာမှာပါ။ မန်ယူနဲ့ပွဲအတွက် လူစာရင်းမှာ သူ ပါဝင်လာမယ်ဆိုတာ အသေအချာပါပဲ။ ဒီအတွက်လည်း တစ်သင်းလုံးဝမ်းမြောက်ကျေနပ်နေကြပါတယ်။ ဒါပေမဲ့ ပွဲထွက်ကစားခွင့် ရ မရဆိုတာကိုတော့ ပွဲမတိုင်ခင် (၂၄)နာရီအတွင်းမှာမှ ဆုံးဖြတ်ဖို့စီစဉ်ထားပါတယ်။ နေ့တိုင်း လေ့ကျင့်မှုပြုလုပ်နေတဲ့ အခြေအနေကတော့ အားရစရာကောင်းပါတယ်" ဟုပြောကြားခဲ့သည်။

သို့သော် ဗြိတိန်မီဒီယာအချို့ကမူ ဘရန်ဒန်ရော်ဂျာအနေဖြင့် ပြီးခဲ့သည့်အပြောင်းအရွှေ့ကာလက အသင်းမှထွက်ခွာရန်ကြိုးပမ်းခဲ့သော ဆွာရက်ဇ်ကို မန်ယူနှင့်ပွဲတွင် ပွဲထွက်ကစားသမားအဖြစ် နေရာပေးလိုမည်မဟုတ်ကြောင်း။ ၎င်းပွဲပယ်ခံထားရသည့် (၁၀)ပွဲတွင် လီဗာပူးလ်အသင်းမှာ ရှုံးပွဲ(၁)ပွဲသာရှိခဲ့ပြီး (၇)ပွဲနိုင်၊ (၂)ပွဲသရေဆိုသည့် ရလဒ်ကောင်းရရှိထားခြင်းကိုလည်း သတိပြုရန် ရှိနေကြောင်းဖော်ပြခဲ့ကြသည်။ ဘရန်ဒန်ရော်ဂျာကလည်း ပွဲပယ်ပြစ်ဒဏ်ကျခံနေရစဉ်အတွင်း အပြောင်းအရွှေ့နေ့ရက်များက ဆွာရက်ဇ်အတွက် ခက်ခဲခဲ့လိမ့်မည်ဖြစ်ကြောင်း ဝန်ခံပြောကြားခဲ့သော်လည်း အသင်းအတွက် ပြန်ကစားပေးရန်အသင့်ဖြစ်နေပြီဆိုခြင်းမှာမူ သံသယဖြစ်စရာမရှိကြောင်း မှတ်ချက်ပြုခဲ့သည်။ လီဗာပူးလ်နည်းပြဘရန်ဒန်ရော်ဂျာသည် ယင်းပွဲတွင် ခံစစ်ပိုင်းဒဏ်ရာပြဿနာများအတွက်သာ ခေါင်းခဲနေရကြောင်းလည်း သိရှိရသည်။

## အင်္ဂလန်နိုင်ငံနှင့်ပိုင်းသတင်းများ

❒ ရီးယဲလ်တိုက်စစ်မှူးစီရော်နယ်လ်ဒိုသည် ဂီတာဖေးနှင့်ပွဲတွင် (၂)ဂိုးသွင်းယူပြီးနောက်ဂန္တဝင်တိုက်စစ်မှူးဟူဂိုဆန်းချက်ဇ်၏စံချိန်ကိုကျော်ဖြတ်ကာ အသင်း၏ပဉ္စမမြောက်ဂိုးအများဆုံးသွင်းသူဖြစ်လာခဲ့သည်။

❒ အာဆင်နယ်နည်းပြအာစင်ဝင်းဂါးက ဝက်စ်ဘရွန်းနှင့် လိဂ်ဖလားပွဲတွင် ဘန်တနာပွဲထွက်ခွင့်ရဖွယ်ရှိပြီး ဝဲလ်ရှိုင်းယားကို အနားပေးသွားမည်ဟု အတည်ပြုခဲ့သည်။

❒ မန်စီးတီးတိုက်စစ်မှူးအဂွေရိုက မန်ယူနှင့်ပွဲတွင် မိမိတစ်ဦးတည်းသူ့ရဲကောင်းဖြစ်ခဲ့ခြင်းမဟုတ်ဘဲ အရန်ခုံမှကစားသမားများအပါအဝင် မန်စီးတီးတစ်သင်းလုံး သူ့ရဲကောင်းဖြစ်ခဲ့သည်ဟု ဆိုလိုက်သည်။

❒ ချယ်လ်ဆီးနည်းပြမော်ရင်ဟိုက တောရက်စ်အနေဖြင့် နေရာရလိုပါက အသင်း၏ကစားဟန်နှင့် လိုက်လျောညီထွေဖြစ်မည့်ပုံစံကိုပြောင်းလဲရန်လိုအပ်ကြောင်း သတိပေး ပြောကြားခဲ့သည်။

❒ စပါးနည်းပြဘိုအက်ရှ်က မိမိတို့အသင်းမှာ ပြီးခဲ့သည့်ရာသီကထက် ပိုမိုကောင်းမွန်လာခြင်းကြောင့် ဘေးလ်ကို လွမ်းနေစရာမလိုကြောင်း ပြောကြားခဲ့သည်။

❒ ရီးယဲလ်အသင်းတွင် နေရာပေးခြင်းခံလာရသည့် လူငယ်နောက်ခံလူ နာချိုက မိမိကို နည်းပြအန်ဆယ်လော့တီ ယုံကြည်စွာအသုံးပြုသည့်အတွက် ကျေနပ်ဝမ်းမြောက်မိကြောင်း ပြောကြားခဲ့သည်။

## လာလီဂါပွဲစဉ်(၅)ပွဲကျန်ရှိသေး

အက်စ်ပန်ညို ၃-၂ ဘီလ်ဘာအို

## အစ္စတန်ဘူလ်ဒါဘီပွဲတွင် ပရိသတ်များသောင်းကျန်း၍ပွဲပျက်

ပြီးခဲ့သည့်တနင်္ဂနွေနေ့က ယှဉ်ပြိုင်ကစားခဲ့သော ဘက်ဆစ်တက်နှင့် ဂါလာတာစာရေးတို့၏ အစ္စတန်ဘူလ်ဒါဘီပွဲတွင် ပရိသတ်ရာနှင့်ချီ၍ ကွင်းအတွင်းဝင်ရောက်သောင်းကျန်းခဲ့သောကြောင့် ပွဲပျက်ခဲ့ရကြောင်း သိရှိရသည်။ ဂါလာတာစာရေးအသင်းက (၂-၁)ဂိုးဖြင့်အနိုင်ရရှိနေခဲ့ပြီး နာကျင်အချိန်ပိုတွင် ဂါလာတာစာရေးနောက်ခံလူမယ်လို ခြေစုံပစ်ဖျက်ထုတ်မှုကြောင့် အနီကတ်ပြထုတ်ပယ်ခံရချိန်တွင် ပရိသတ်များက ကွင်းအတွင်းဝင်ရောက်ကာ နှစ်ဖက်အသင်းကစားသမားများနှင့် တာဝန်ရှိသူများကို တိုက်ခိုက်ခဲ့ကြခြင်းဖြစ်သည်။ ယင်းဆူပူသောင်းကျန်းမှုများကို ရဲတပ်ဖွဲ့က မျက်ရည်ယိုဗုံးအသုံးပြု၍ပင် နှိမ်နင်းခဲ့ရပြီး တူရကီဘောလုံးအဖွဲ့ချုပ်အနေဖြင့် ဂါလာတာစာရေးအသင်းကို(၃-၀)ဂိုးဖြင့်အနိုင်ပေးဖွယ်ရှိနေကြောင်း သိရှိရသည်။

## ဘာစီလိုနာဂိုးသမားဗဲလ်ဒက်စ်အတွက်မိုနာကိုယူရိုသန်း(၆၀)သုံးမည်

ပြင်သစ်ကလပ်မိုနာကိုအသင်းသည် ဘာစီလိုနာဂိုးသမားဗဲလ်ဒက်စ်အတွက် ယူရိုသန်း(၆၀)ခန့်သုံးစွဲသွားရန်စီစဉ်နေကြောင်း သိရှိရသည်။ ဗဲလ်ဒက်စ်သည် လာမည့်နှစ်ဇွန်လတွင် ဘာစီလိုနာအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး စာချုပ်သက်တမ်းတိုးခြင်းမပြုတော့ဘဲ အသင်းသစ်သို့ပြောင်းရွှေ့ရန် စီစဉ်နေသူဖြစ်သည်။ ထို့ကြောင့် မိုနာကိုအသင်းက ၎င်းအားခေါ်ယူရန် ကမ်းလှမ်းသွားမည်ဖြစ်ပြီး လက်မှတ်ထိုးကြေးအဖြစ် ယူရိုသန်း(၂၀)၊ တစ်နှစ်လစာ ယူရို(၁၀)သန်းဖြင့် (၄)နှစ်စာချုပ်အတွက် သန်း(၄၀)၊ စုစုပေါင်းသန်း(၆၀)အသုံးပြုသွားရန် စီစဉ်နေခြင်းဖြစ်ကြောင်း သိရှိရသည်။

## ဒိုင်လူကြီးကို ရိုင်းစိုင်းစွာစော်ကားပြောဆိုမှု၊ ခြိမ်းခြောက်မှုများကြောင့် အေစီမီလန်တိုက်စစ်မှူး ဘာလိုတယ်လီ (၃)ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရ


Photo : Getty Images

အေစီမီလန်တိုက်စစ်မှူးဘာလိုတယ်လီသည် နာပိုလီနှင့်ပွဲတွင် ဒိုင်လူကြီး လူကာဘန်တီကို ရိုင်းစိုင်းစွာစော်ကားပြောဆိုမှု၊ ခြိမ်းခြောက်မှုများကြောင့် (၃)ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံလိုက်ရကြောင်း သိရှိရသည်။

ဘာလိုတယ်လီသည် ယင်းပွဲတွင် အေစီမီလန်အသင်းအတွက် ချေပဂိုးတစ်ဂိုးသွင်းယူပေးနိုင်ခဲ့သော်လည်း ကစားသမားဘဝတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် ပယ်နယ်တီကန်သွင်းယူနိုင်ခြင်းမရှိသည့်အတွက် ဒေါသပေါက်ကွဲခဲ့ပြီး ပွဲအပြီးတွင် ပြိုင်ဘက်ကစားသမားဘယ်ရာမီနှင့် ဒိုင်လူကြီးတို့ကို ပြဿနာရှာခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ ထို့ကြောင့် ဘာလိုတယ်လီသည် ပွဲပြီးဆုံးနေပြီးဖြစ်သော်လည်း ဒုတိယအဝါကတ်ပြသခံခဲ့ရပြီး ဒိုင်လူကြီးအပေါ် ပြုမူဆက်ဆံခဲ့သည့်လုပ်ရပ်အတွက် (၃)ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံခဲ့ရခြင်းဖြစ်ကြောင်းလည်း သိရှိရသည်။ ထို့ပြင် စီးရီးအေပြိုင်ပွဲတာဝန်ရှိသူများသည် ယင်းပွဲတွင် အေစီမီလန်ပရိသတ်များ၏ လူမျိုးရေးခွဲခြားလှောင်ပြောင်ခဲ့မှုများအတွက် လာမည့်စနေနေ့တွင် ယှဉ်ပြိုင်ကစားရမည့် ဆမ်ဒိုးရီးယားနှင့်ပွဲကို ပရိသတ်မပါဘဲ ကစားရန်ပြစ်ဒဏ်ချမှတ်လိုက်ကြောင်းလည်း သိရှိရသည်။

